
www.dhammaransi.com

# စစ်ကိုင်းမြို့၊

၌





# ရာဇမဏိစူဠာဘွဲ့တော်

## အမည်ရှိသော၊

# ကောင်းမှုတော်စေတီတော်ကြီးပုံတော်။

www.dhammaransi.com




ကောင်းမှုတော်စေတီကြီး၏ (အခြေခံ) တည်နေပုံ (ပုံ-၂)

www.dhammaransi.com

# ကောင်းမှုတော်—ဘုရားရှိခိုး။

ဩကာသ။ ဩကာသ။ ဩကာသ။ ကနက္ကဒလျာ
ရောင်လျှံထိန်ညီး။ မြွေခွေထီးနှင့်။ တောင်ကြီးတမျှ။ မြစ်
ကမ်းစဝယ်။ ရာဇမဏိစူဠာ—ဘွဲ့မည်သာလျက်။ တေဇာ
ပြောင်ရွှန်း။ အစဉ်ထွန်း၍။ အဝန်းလေးရာ။ ရှစ်ဆယ်
သာတွင်။ တထွာနှင့်တဘောင်။ သံတောင်အစောက်။ တရာ
မောက်၍။ ဆဲ့ခြောက်လက်သစ်။ လက်ရှစ်သစ်တည်း။
စနစ်ထီးတော်။ လေးတောင်ပေါ်တွင်။ ကျော်ခြောက်သစ်
တက်။ ညီးညီးလက်မျှ။ အချက်ခြောက်တောင်။ နှစ်သစ်
ဆောင်သား။ ဆယ်တောင်အချဉ်း။ သာလွန်မင်းလျှင်။
သောင်းတွင်းဖိုလ်ခြေ။ ကိုးဟွယ်စေဟု။ ရေပင်လယ်ဝန်း။
သိပ္ပိုင်ကျွန်း၌။ တည်ထွန်းမွေကုံ။ ထူပါရုံသို့။ ပုံစနစ်ယူ။
တည်တော်မူ၏။ နတ်လူသခင်။ မြတ်ချစ်ရှင်၏။ ရွှေစင်လျှံ
ဖိတ်။ မြသပိတ်နှင့်။ လျှံဖိတ်စွယ်တော်။ ကိုယ်စားတော်ကို။
ဓါတ်တော် သိန်းသောင်း။ မွေတော်ပေါင်းနှင့်။ ရုပေါင်း
များစွာ။ ဌာပနာလျက်။ ဓေယျာမြစ်ကမ်း။ မင်းဝံစွန်းတွင်။
တင့်ရွှန်းစေတီ။ မိုးဖျားသီမျှ။ ရောင်ခြည်ခြောက်သွယ်။
ကောင်းကင် ကြယ်သို့။ ရှုဘွယ်ဝန်းကျင်။ ဆေးရုံမင်နှင့်။
ဇာတ်စဉ်ငါးရာ။ ရေးပြီးခါလျှင်။ ရတနာရွှေကျောင်း။
ရွှေဟံဆောင်းနှင့်။ ခေါင်းလောင်း—ရွှေစည်။ ထက်ဝန်းလည်
လျက်။ ရောင်ခြည်ယှက်သန်း။ ရွှေဝန်းမှ။ မြောက်ရွှန်းပါရပ်
နတ်တို့ကြပ်၍။ ပြီးအပ်သည်သာ။ သာသနာ၏။ ရောင်စါ
ထွန်းပေါ်။ ကောင်းမှုတော်ကို။ ပူဇော်မြတ်နိုး။ ရှိပန့်ခိုးသည်။
ကောင်းကျိုးယခု။ ပြည့်စေသောဝ်။ ။သဗ္ဗညုမြတ်ရှင်စော။
ဩကာသ။ ဩကာသ။ ဩကာသ။

www.dhammaransi.com



# ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်ကြီး သမိုင်းလင်္ကာ။

မင်္ဂလာညွန့်လူ၊ ကျွန်းဇမ္ဗူတွင်၊ ပြိုင်သူဘက်ကင်း၊ သာလွန်မင်းဟု၊ ဝင်းဝင်းတောက်ပ၊ ဘုန်းတေဇဖြင့်၊ ပတ္တမြားအရောင်၊ ငါးထောင်သာသနာ၊ တည်စိမ့်ငှါလျှင်၊ ပဏ္ဏနာစိတ်သန်။ မြဖလ်ရွှေငွေ၊ ရောင်လေးထွေနှင့်၊ သိန္ဓေရုထိပ်၊ ဒေဝိသာရ၊ ဇာနက္ခရာဇာ၊ သက်ဆင်းလာ၍၊ ခိုင်မာပံသု၊ မြေအထုကို၊ သမုတ်နတ်၊ မင်းမြတ်သဒ္ဓါ၊ ကြည်စေငှါဟု၊ မြေဝါမြေဖြူ၊ မြေနီမြေနက်၊ မြေလေးချက်ဝယ်၊ စည်မျက်နှာ၁၀၊ ညီညွတ်စွာဟု၊ သက္ကဒေဝါ၊ ဤနေရာကို၊ သေချာညွှန်ပြ၊ ဘွဲ့တော်သာ၍။ ။ရာဇမဏိစူဠာ၊ တည်ရာမယွင်း၊ သာလွန်မင်းသည်၊ ဘန်ဆင်းလုံးလ၊ ဥဿဟာဖြင့်၊ ၉၉၀-ခုစ်ခုနှစ်လစ်၊ သက္ကရာဇ်ပေါ်၊ တော်သလင်းလ၊ ဆန်းဒသဝင်၊ အစဥ်မပျက်၊ ကျား၊မင်းရက်တွင်၊ ရွှေပနက်ပြ၊ ငါးထောင်ကျအောင်၊ အုဋ္ဌမြစ်ဆောင်၍။ ။တောင်ဇမ္ဗူဒိပ်၊ ကျွန်းလုံးညိတ်မျှ၊ ရွှေတံဆိပ်ခတ်၊ သမိုင်းမြတ်ကို၊ မှတ်ခွင့်သင့်လျော်၊ စေတီတော်၌။ ထင်ပေါ်သိမြင်၊ ပြင်မဟာရုံ၊ ကျယ်ဝန်းဟန်ကို၊ အခမှန်မှတ်သား၊ အလျား-ရှေ့နောက်၊ တာဖြင့်ထောက်သော်၊ ကိုးဆဲ့ခုနှစ်တာ၊ တောင်မြောက်ပိုင်းခြား၊ ကိုးဆဲ့ငါးတည်း။ စောက်ကားငါးတောင်။ လေးသစ်ဆောင်၍။ ။ထို့နောင်ပုံစေ့၊ အရှေ့ကရနို့။

www.dhammaransi.com



မှတ်ဘို့တွက်ဘွယ်၊ တာနှစ်ဆယ်ကွာ၊ သုံးမျက်နှာထား၊ ဆဲ့ငါးတာစီ။ ။အညီမယွင်း၊ အတွင်းမဟာရံ၊ တာပြန်တ္တဲညား၊ အလျားခြောက်ဆယ်၊ စွန်းငယ်နှစ်တာ နှစ်တောင်သာ၍၊ နံမှာအတူ၊ ယူပါတချက်။ ။အထက်ဇင်ကတော်၊ အလျားသော်ကား၊ လေးဆဲ့ရှစ်တာ၊ စွန်းမှာနှစ်တောင်၊ အနံဆောင်မူ၊ လေးဆဲ့ခုနှစ်တာ၊ တတောင်သာ၍၊ စောက်မှာသံငါး၊ အပြည့်ထားလေ့။ ။ပိုင်းခြားသတ်မှတ်၊ စေတီမြတ်တွင်၊ ပန်းတင်အမြင့်၊ တတောင်ဝင့်၍၊ ဆင့်ပါနှစ်မိုက်၊ ထိပ်နိုက်အပြင်၊ နှစ်မိုက်လေးသစ်။ ။ဒီစစ်မမှား၊ နတ်သားလိုက်မှာ၊ သုံးတောင်တာ၍၊ သေချာမှတ်ဦး၊ နဖူးအကျယ်၊ နှစ်တောင်လေးသစ်။ ။စနစ်ကျကျ၊ ထိုကစ၍၊ ပထမပစ္စယာ၊ အမြင့်မှာမူ။ ၉-တောင်လဲမှ၊ ထိပ်အဝမှာ၊ ၅-တောင်သာလိုက်၊ နှစ်မိုက် ၆-သစ်။ ။တရစ်ဒုတိယ၊ ၈-တောင်ပြ၍၊ ထိပ်ဝ ၄ တောင်၊ ၂-မိုက် ၆-သစ်။ အစွန်းဖြစ်၏။ ။ရှင်ချစ်ဗုဒ္ဓ၊ စေတီယဝယ်။ တတိယဆင့်၊ အမြင့် ၇-တောင်။ အကျယ်ဆောင်သော်၊ ၃-တောင် ၄-သစ်။ ။ဖြစ်သည့်မယွင်း၊ ညောင်ရွက်ရင်းက ပထမဘောင်းထိ။ ရေတွက်ညှိမူ၊ ၅၅-တောင်၊ တမိုက် ၄-သစ်။ ။မကျန်ရစ်အောင်၊ တွက်စစ်ရေဆ၊ ပထမဘောင်း၊ ဆင့်လောင်း တာသွား၊ ချရားသီးကုန်၊ လုံးရုံမမှား၊ ၁၅-တောင် ၂-မိုက် ဆောင်လစ်၊ လက်လေးသစ်ရ။ ။တနည်းပြလျှင်၊ ပန်းတင်ကစ၊ တတိယပစ္စယာ။ တိုင်အောင်သာလျှင်၊ တောင်တာတွက်ရိုး၊ နှစ်ဆဲ့ကိုးမှ၊ သုံးမိုက်ပြ၍။ ။ထိုကတက်သော်၊ အကြည်တော်နှင့်။ ထီးတော်အောက်ဝ၊ အရကျဉ်းအောင်။ တာရမှတ်ဘွဲ့။

www.dhammaransi.com



ခုနှစ်ဆဲ့တတောင်။ ။ဥသျှံဆောင်မှူ။ တောင်တရာတစ်
ဥာဏ်တော်ဖြစ်၏။ ။လှည့်ရစ်တွက်ချောင်း၊ညောင်ရွက်
ပေါင်းကား၊ တရာ့ငါးဆယ်၊ စွန်းဝယ်နှစ်ချပ်။ ။နုတ်တို့
ဖန်လာ၊ အချင်းမှာမူ၊ တရာ့ခြောက်ဆဲ့နှစ်တောင်။အစွန်း
တမိုက်လွန်း၍။ ။ အဝန်းလုံးပတ်၊ ရေတွက်လပ်သော်၊
ငါးရာ့နှစ်တောင်၊နှစ်မိုက်လေးသစ်။ ။စင်စစ်မချ၊ ဘိး
တော်ဝမှာ၊ မျက်နှာအချင်း၊ ကိုးတောင်ကလာ၊ နှစ်မိုက်
သာ၍၊ စောက်မှာ၊ ဆယ်တောင်တမိုက်လေးသစ်၊အဆုံး
ဖြစ်၏။ ။ဘွဲ့ယှစ်မှတ်ရာ၊ ထီးချိန်မှာကား၊ သုံးထောင်
လေးရာ့လေးဆယ်သာ၍။ ။သေချာမလွဲ၊ဆွဲလဲရှစ်ဆယ်၊
အပေါ်ကသတ်၊ အောက်အရပ်ထွင်၊ ဝန်းကျင်ပြည့်လျှမ်း၊
ရွှေစောင်းတမ်းနှင့်၊ နုတ်နန်းသဘွယ်၊ လွန်တင့်တယ်၍၊
ပတ်လယ်လိုဏ်မုခ်၊ အရုပ်နုတ်ခွယ်၊ ရာနှစ်ဆယ်ဘိ။ ။
မှတ်ဘွယ်တကြောင်း၊ ကျောက်တိုင် ပေါင်းမှာ။ ရှစ်ရာ
နှစ်တိုင်။ ။ခြောက်ဆယ်နဂါး၊ ပြွန်ပေါက်ထား၍။ ။
အများသိလို၊ အုဋ္ဌဝင်ဆိုသော် ကုဋေတသိန်းရှစ်သောင်း
ခြောက်ထောင် ငါးရာငါးဆယ်၊ စွန်းဝယ် နှစ်ချပ်။ ။
တရပ်သိစေ၊မြေနီသရွတ်တသန်းခြောက်သိန်းလေးထောင်
ငါးရာငါးဆဲ့ငါးတောင်း။ ။တကြောင်းမှတ်လေ၊အင်တေ
ပေါင်း၊ နှစ်သောင်းနှစ်ထောင် လေးရာ့ကိုးဆယ်၊စွန်းဝယ်
နှစ်တင်း၊ ထိုအခြင်းကို၊ထင်လင်းဖွင့်ပြန်၊ဇယားလှန်၍။ ။
သယ်န္တုခါတ်၊မွေတော်မြတ်ကို၊ ရပ်ရှစ်မျက်နှာ၊မှတ်သား
ရာဟု၊ မဟာစေတီ၊ အတွင်းလေးတိုက်၊ပြင်လေးတိုက်နှင့်။
ဆောင်စိုက်ပလ္လင်။ လေးဆူလျှံညီး။ ရွှေကျောင်းကြီး
ဝယ်။ လေးဆောင်တယ်၍။ ပတ်လယ်ထပ်မံ့။ ကျောင်းရံ

www.dhammaransi.com



လေးဆယ်။ ။ဆိုဘွယ်တသီး၊ ကန်ကြီးမဧတ္တာ၊မြောက်မျက်နှာက၊ သီတာရစ်ပတ်၊ နဝဒတ်သို့၊ ထပ်တူမြေ၊ သောက်ချိုးရမူ၊ ဘယကင်းစင်။ ။ထို့ပြင်တဝ၊ မာဃဂိုယ်စား၊ အများမိုလ်လူ၊ သိကြွားဂူပျ၊တောင်ဇမ္ဗူကျွန်း၊ မှော်ကွန်းအစဉ် ရာဇဝင်လှ၊ အင်းဝရာဇာ၊ ကရာထိုး ဆောင်း။ ညွှတ်ပြောင်းခွန်သွင်း။ သာလွန်မင်းသည်။ ။ တည်ရင်းပထမ၊ စ-လယ်အဆုံး၊ သုံးပါးလုံးကို။ ယူကြိုး မှတ်သား။ သမိုင်းထားသည်။ ။အများရှင်-လူ-ရဟန်း သိစေသော်။ ။

လူရှင်ရဟန်း၊ သိစွမ်းနိုင်ရာ၊ ဥာပနာကို၊ အကျဉ်း ဆိုအံ့။ ။ကိုက်ဝင်ရွှေသား ရုပ်ထုအားမူ၊ ငါးရာနှစ်ဆဲ့ ခြောက်။ ။ထို့နောက်၊ ငွေသား၊ နှစ်ရာသုံးဆဲ့နှစ်၊ တရစ် မိုးကြိုး၊ လေးဆဲ့ကိုးတည့်။ တမျိုးတခြား၊ ပတ္တမြားနီ နှစ်၊ ပတ္တမြားစိမ်းနှစ်၊ မြနှစ်ဆဲ့ခြောက် ပယင်းလေးဆဲ့ ရှစ်။ ဂေါမိတ်ငါးဆူ။ ဥဿဖယားတဆယ်။ ပဥ္စလောဟာ သုံးဆဲ့ခွန်။ စန္ဒကူးရှစ်ဆဲ့ခြောက်။ နဂါးသွဲ့နှစ်။ နဂါးရာဇ် နှစ်။ နဂါးဝင်နှစ်။ မောရဂီဝါကိုးရာခုနှစ်ဆဲ့ငါး။ ကျောက် သားတဆဲ့နှစ်ခု။ ရုပ်ထုအပေါင်း၊ နှစ်ထောင့်ကိုးဆဲ့ငါး။ ။ ရွှေသားစေတီ၊ ရှစ်ဆဲ့တဆူ။ ငွေသားစေတီ၊ နှစ်ရာ့ ခြောက်ဆဲ့ကိုးဆူ။ မိုးကြိုးတဆယ်။ မြဝယ်ငါးက။ ပယင်း ကိုးတန်။ စန္ဒကူး သုံး။ နဂါးရာဇ်တစ်။ ကြေး လေးရာ လေးဆဲ့နှစ်။ သာမညသုံး၊ ပေါင်းရုံးမှတ်ယူ။ ။စေတီ မူကား၊ ရှစ်ရာထားဆဲ့ကိုး။ ။တမျိုးထို့ပြင်၊ မွေတော်ရှင် ၅၂။ ပုလဲမွေတော်—၃၃၃။ ဆံတော်—၁၁။ စွယ်တော် ငါး။ မဟာဗိယက်နှ—၂၂။ ဆတောင်—၄၅။ ပင်ထင်-၈၉၇။

(၂)

www.dhammaransi.com



တကောင်းကြီး-၂၆။ ရွှေဝါ-၄၄၄။ တကောင်းသေး-၁၆၇၃။ သီဝလိ-၃၄၇၃။ ဆပ်သွား-၃၆၂၃၈။ ရွှေညမင် ၅၆၅။ မောဂ္ဂလာန်-၂၂၉၇။ ဝါလုက-၁၀၁။ အရှေ့ သပ္ပါယ်—၁၈၇။ စင်ကြွပ်-၁၇၂။ မြောက်ဒိုး-၂၁၉၈။ စကတောင်-၄၂။ ရေပူ-၅၂။ ခွင်ဓါတ်-၄၃။ မျက်ကွင်း ဓါတ်-၈။ ;သာမညဓါတ် ၅၉။ စခွတ်။ ဓါတ်သေး သုံး ထုပ်။ ရွှေပန်း-၄ခိုင်။ ငွေပန်း ၄ခိုင်။ ပယင်းဆီမီး-လေး တိုင်။ မြသပိတ်တလုံး။ ရွှေဆန်နှစ်ပြည်။ အတည်တည် အရပ်ရပ်။ မွေတော်ဓါတ်ကို။ သွင်းအပ်ဌာပနာ။ သာလွန် မင်းမြတ်။ အပြီးသတ်၍။ ရပ်ဆယ်မျက်နှာ၊ ပြဗ္ဗာနတ်မှ။ ခတ္တိယနှင့်။ ပြဗ္ဗဇာဝေသော။ သဒ္ဒေလေးမျိုး။ ရှိခိုးပန်ထွာ။ ဖူးစိမ့်ဌါဟု။ သဒ္ဒါလုလု၊ တည်ထားပြုသည်။ ။ဇမ္ဗူ့ မျက်မှန်၊ ကောင်းမှုတော်ကြီးတည်း။ ။အကြည်တော် ဟူသည်ကား။ လုံးပတ်တော်ကို ဆိုသည်။ ဇင်ကတော် ဟူသည်ကား။ အပေါ်မဟာရာမ်ကို ခေါ်သည်။

www.dhammaransi.com



# ကောင်းမှုတော်—စေတီတော်ကြီး၏ သမိုင်းလက်ဘအရ။ ကြည်ညိုဘွယ်ရာဌာပနာတော်များ။

---

## မြတ်စွာဘုရား၏ စွယ်တော်စစ်တဆူ၊ မြသပိတ်တော်တလုံး၊

( ရုပ်ထုတော်များ )

ရွှေသားရုပ်ထု-၅၂၆ဆူ။ ငွေသား-၂၃၂။ မိုးကြိုး ၄၉။ ပတ္တမြားနီ-၂။ ပတ္တမြားစိမ်း-၂။ မြ-၂၆။ ပယင်း ၄၀။ ဂေါမိတ်-၅။ ဥဿဖယား-၁၀။ ပဒ္မလောဟာ-၃၇။ စန္ဒရကန်-၈၆။ နဂါးသွဲ့-၂။ နဂါးရစ်—၂။ နဂါးဝင်—၂။ မောရဂီဝါ-၉၇၅။ ကျောက်သား—၁၂။ သာမည-၇၉။ ပေါင်းရုပ်ထုတော်—၂၀၉၅ ဆူ။

( စေတီတော်များ )

ရွှေသားစေတီ-၈၁။ ငွေသား-၂၆၉။ မိုးကြိုး-၁၀။ မြ-၁။ ပယင်း-၉၁။ စန္ဒရကန်-၃။ နဂါးရစ်-၁။ ကြေး ၄၄၂။ သာမည-၃။ ပေါင်းစေတီတော်—၈၀၉ဆူ။

( မွေတော်,ဓါတ်တော်များ )

မွေတော်ရှင်-၅၂။ ပုလဲမွေတော်-၃၃၃။ ဆံတော် ၁၁။ မဟိသင်္ကန်-၂၂။ ဆတောင်—၄၅။ ပင်ထင်-၈၉၇။

www.dhammaransi.com



ရွှေဝါ—၄၄၄။ တကောင်းကြီး—၂၆။ တကောင်းသေး, ၁၆၇၃။ သိဝလိ-၃၄၇၃။ ဆပ်သွား-၃၆၂၃၈။ ရွှေဥမင် ၅၆၅။ မောဂ္ဂလာန်-၂၂၉၇။ ဝါလုက-၁၀၁။ အရှေ့ သပ္ပါယ်—၁၈၇။ စင်ကြပ်-၁၇၂။ မြောက်အိုး-၂၁၉၈။ စကတောင်-၄၂။ ရေပူဓါတ်-၅၂။ ခွင်ဓါတ်-၄၃။ မျက်ကွင်းဓါတ်—၈။ သာမညဓါတ်—၅၉။ စရွက် ဓါတ်သေး ၃-စရွက်။ ရွှေပန်း—၄ခိုင်။ ငွေပန်း—၄ခိုင်။ ပယင်းဆီမီး ၄ကိုင်။ ရွှေဆန်-၂ပြည်၊ စသည်များစွာ အဖြာဖြာတို့ကို။ ဌာပနာတိုက် ၇တိုက်ဖြင့်၊ သိုက်မြှုပ်သချာ ဌာပနာ တော်မူလေသည်။ ။

ကိုးကွယ်သည့်မင်း—သိရိသုဓမ္မရာဇာ မဟာဓိပတိ၊ အမည်ရှိသော၊ သာလွန်မင်းတရားကြီး။

တည်သောသက္ကရာဇ်—၉၉၈-ခုနှစ်၊ တော်သလင်းလဆန်း (၁၀)ရက်၊ တနင်္လာနေ့တွင်။ ရွှေပနက်ချ၍၊ စတင်တည်ထားတော်မူခဲ့သည်။

အပြင်မဟာရာမ်ကြီး—အရှေ့-အနောက်,အလျား ၉၇တာ။ တောင်, မြောက် အနံ ၉၅-တာ။ အစောက် ၅-တောင်၊ ၄-သစ်။

အတွင်းမဟာရာမ်—အလျား,အနံကျ ၆၂တာ၊ ၂ တောင်။

အပေါ်မဟာရာမ်— အထက်ဇင်ကတော်ဟု၊ ရှေးက လူတို့ ခေါ်ဝေါ်ကြသော၊ အပေါ်မဟာရာမ် တံတိုင်း၊ အလျား-၄၈တာ၊ ၂တောင်။ အနံ-၄၇တာ၊ ၁ တောင်။ အစောက်-၅တောင်။

www.dhammaransi.com



ကရနိုး—အရှေ့ဘက် ကရနိုး ခေါ် ခြသေ့လက်တန်း၊ အတာ—၂၀။ ကျန် ၃မျက်နှာ ၁၅—တာစီ၊ ဖြစ်သည်။

ပန်းတင်—အမြင့်-၁တောင်၊ ၂မိုက်။ အကျယ်-၂မိုက်၊ ၄-သစ်။

နတ်သားလှိုင်မှာ—၃တောင်၊ အကျယ်-၂တောင်၊ ၄သစ်။

ပထမပစ္စယာ—အမြင့်-၉ တောင်။ အကျယ်-၅ တောင်၊ ၂-မိုက်၊ ၆-သစ်။

ဒုတိယပစ္စယာ—အမြင့်-၈ တောင်၊ အကျယ်-၄တောင်၊ ၂-မိုက်၊ ၆—သစ်။

တတိယပစ္စယာ—အမြင့် ၇တောင်၊ အကျယ်-၃တောင်၊ ၄ သစ်။

ညောင်ရွက်ရင်းက—ပထမဘောင်းထိ၊ ၅၅တောင်၊ ၁မိုက် ၄ သစ်။

ပထမဘောင်းမှ—ချယားသီးကုန်အထိ၊ ၁၅-တောင်၊ ၂-မိုက်၊၄-သစ်။

စေတီတော်အမြင့်—ပန်းတင်မှ၊ တတိယ ပစ္စယာ အထိ။ သံတောင်-၃၀။တတိယယပစ္စယာမှ၊

ထီးတော် အောက်ဝအထိ၊ ၇၁-တောင်အားဖြင့်၊ ဉာဏ်တော်, ၁၀၁-တောင်။

အချင်း—၁၆၂-တောင်။

အဝန်းလုံးပတ်—၅၀၂-တောင်၊ ၂-မိုက်၊ ၄-သစ်။

ထီးတော်—အဝ-၉တောင်၊၂မိုက်။ အစောက်-၁၀တောင်။ ၁-မိုက်၊ ၄-သစ်။

www.dhammaransi.com



ထီးတော်အချိန်—၃၄၄၀-ပိဿာရှိ၏။
ညောင်ရွက်ပေါင်း—၁၅၂ ချပ်။
ဆွဲလည်းပေါင်း—၈၀။
ပတ်လည်လိုဏ်မုခ်နှင့်နတ်ရုပ်ပေါင်း—၁၂၀။
ပတ်လည်ရေမြွန်နဂါးရုပ်ပေါင်း—၆၀။
ပတ်လည်ကျောက်တိုင်ပေါင်း-၈၀၂တိုင်အသီးသီးဖြစ်၏။
အရွှပေါင်း—ဘုရားအရွှပေါင်းကား, တကုဋေ တသိန်း ရှစ်သောင်း ခြောက်ထောင် ငါးရာ ငါးဆဲ့နှစ်၊ (၁၁၈၆၅၅၂) ချပ်။
မြေနီ—တသန်း ခြောက်သိန်း လေးသောင်း လေးထောင် ငါးရာ ရှစ်ဆဲ့ငါး (၁၆၄၄၅၈၅)တင်း။
အင်္ဂတေ—နှစ်သောင်း နှစ်ထောင် လေးရာ ကိုးဆဲ့ရှစ်။ (၂၂၄၉၈)တင်း။
ကျောက်စာဂူ—စေတီတော်၏ အရှေ့အတွင်း၊ အရှေ့ မြောက်ဘက်ကျောက်စာ,ဂူနှင့် ထားသည်။
သိကြားဂူ—အပြင်မဟာရံ ပြင်ဘက်၊ စေတီတော်၏ အရှေ့မြောက်ဘက်တွင်၊ သိကြားနတ်မင်း အရုပ်သဏ္ဍာန် ဂူနှင့်ထားသည်။
မေတ္တာကန်—မြောက်ဘက် အရပ်တွင်၊ မေတ္တာကန်ကြီး ရှိသည်။
ကျောင်းတိုက်—ပတ်လည် လေးမျက်နှာတွင်၊ အတွင်း လေးတိုက်၊ အပြင်လေးတိုက်—ခေါ်၊
ကျောင်းတိုက်ကြီးများ၊မဟာရာမ်အရွှတံတိုင်းဝန်းရံလျက် ရှိသည်။

**( ဆုဇရွှင်နှင့်တကွအသေးစိတ်အကျယ်ကိုသိလိုမူ၊သမိုင်းစာအုပ်တွင်ရှု )**

www.dhammaransi.com



# ရာဇမဏိစူဠာ ကောင်းမှုတော်ဘုရားကြီး ကျောက်စာမူရင်း။

## ( မှတ်ချက် )

ငှင်းရှေးရေး ကျောက်စာတော်သည်၊ စေတီတော်ကြီး၏ အရှေ့မြောက် အတွင်း၊ သေနမ်ခေါ် တန်ဆောင်းဖော်မှာ၊ အုဋ္ဌဂူနှင့် အထင်အရှား ရှိပါသည်။

—✻—

**ဇေယျတု။** ။ ဇယတံ ပဝရော ရာဇာ။
သန္တာနံ ဇယဒါယကော။
ဇိနသာသနသ္မိ ဥဂ္ဂတာဿ။
စိရံ ပါလေတု သာသနံ။ ။

ကိန္တာဒိမောဠိပိဠန္ဓံ။
ပုပ္ဖါနဂ္ဂံ ဇိနဏ္ဏဇံ။
ကတွာ ဘူသိခရေကာသံ။
သိသေ ပါသာဏပဏ္ဏကံ။ ။

မင်္ဂလာတံခွန်၊ ဘဝဂ်ဟွန်းစိမ့်၊ အဘိညာဉ်ငါးခု၊ စတုဝေသာ အသာဓါရဏ မွေခြောက်ဦး၊ ဉာဏ်ပွင့်ဖူးကို၊ ကိုယ်မှူး—ဆွတ်ယူ၊ နတ်လူထိုက်တန်၊ ပန်စေအံ့ဟု၊ ခိုင်ခန့်ဆောက်တည်၊ ဆုကြီးရည်သည်၊ ဘုန်းစည်မဟာ၊ သုမေဓါလျှင်၊ ဒီပင်ကရာ စောမြတ်စွာအား၊

၂၀၂၇

www.dhammaransi.com



တံတားကိုလှူ၊ ရည်တူချစ်ရှင်၊ နိဗ္ဗာန်သခင်၊ ဖြစ်ပါချင်
ဟု၊ ဦးတင်ရှိမြွက်၊ လျှောက်လတ်သော်တည်း။ ။

ရှုမျှော်နှိုင်းဆ၊ ကာလနှောင်ခါ၊ ငါနှင့်တူရည်၊ ဖြစ်
လတ်မည်ဟု၊ သုံးလူ့အဓိပ်၊ တမ်ဆိပ်မိန့်ရွတ်၊ ခတ်သော
ခါမှ၊ ဂဏန်းချသော်၊ သေလဘာသာ၊ ဇယရုစိယ၊ မည်ရ
လေးထွေ၊ လေးသင်္ချေနှင့်၊ ကမ္ဘာတသိန်းမြောက်ဖြစ်သော။

ကမ္ဘာတကာတို့ထက်၊ အလွန်မြတ်သော၊ ဤဘဒ္ဒ
ကပ်ကမ္ဘာ၊ ပေါ်စခါ၌၊ မြေ၏အချာ၊ ဗောဓိရာဝယ်၊
ရွှေကြာနိမိတ်၊ ဟိတ်နှင့်မထူး၊ မြတ်သုံးဦးတို့၊ ခပ်ကူး
နိဗ္ဗာန်၊ ဥာရပ်ဆန့်မှ၊ နှောင်းကျန်ဘုန်းဟော့၊ မိတေယ်
ရှေ့၌၊ ရန်ငွေ့ပယ်ခွါ၊ တို့သကျာလျှင်၊ အဝိဋ္ဌာနှင့်၊
တဏှာ စိုးကွပ်၊ ဆယ်နှစ်ထပ်ကို၊ ဖြိုလှပ်စင်နေ၊ သီလ
မြေ၌၊ ရပ်ခြေဝိရိယ၊ ဥာဏသန့်လျှက်၊ သဒ္ဓါလက်ဖြင့်၊
ဝှဲလျှက်ခုတ်ဖြတ်၊ ငါးရန်ပြတ်မှ၊ ပြည်မြတ်ခေမ၊ အမတသို့။

အစကောဏ္ဍည၊ နောက်လည်းသုဘဒ္ဒ၊ ဝေနေယျ
ကို၊ လောကသေဋ္ဌနှင်း၊ ဆောင်ကြည်သွင်း၍၊ အင်ကြွင်း
ရိပ်သာ၊ ကုသိနာ၌၊ ချမ်းသာစင်စစ်၊ ရသည်ဖြစ်လည်း၊
နောင်ဖြစ် သတ္တဝါ၊ စီးပွါးငှါလျှင်။ ဒေသနာတရား။
ဟောခဲ့ထားသား။ သုံးပါးသာသနာ၊ တည်ရာဖြစ်သော၊
သုံးခမ်းမဏ္ဍလ၊ ရာမညတိုင်း၊ ဟံသာဝတီ၊ ရာဇဓာနီ
ပြည်ကြီး၌၊ သာသနာတော်ကို၊ ဆောင်တော်မူသော၊
သာသနာတော်, မတည်သေးသော၊ မောကိုးပြည်ထောင်
အစရှိသော၊ အပြည်ပြည်တို့၌၊ သာသနာတော်ကို၊ တည်
စေနိုင်သော၊ သမုဒ္ဒရာအခြားဟိသော၊ သီဟိုဠ်ကျွန်းမှ။

www.dhammaransi.com



ဘုရားရှင် * သပိတ်တော်၊ * စွယ်တော်၊ ပို့ရောက် လှာရသော၊ ဘုန်းဟိထသော။

သိဟဠ်ိုဠ်ိမင်းအစဟိသော၊မင်းတို့သည်၊သွီးရတနာ ဆက်ရောက်လှာရသော၊ ဘုန်းတော်ဟိထသော။

သမုဒ္ဒရာ အခြားဟိသော၊ ဇမ္ဗူဒိပ်ကျွန်းလုံးကို၊ အစိုးရတော်မူသော၊ ဆင်ဖြူသခင့်သခင်၊ ရွှေနန်းသခင့် သခင်၊ ဖြစ်တော်မူထသော။

မဟာစေတီစသော၊ များစွာသော ကောင်းမှုတို့၏ ဒါယကာ၊ ဆင်ဖြူများသျှင်၊ ဘေးတော်မင်းတရားကြီး၏ မြေးတော်တမူလည်းဖြစ်ထသော။

ထိုဆင်ဖြူများရှင်၊ ဖေးတော်မင်းတရားကြီး၏။ သားတော်ကြီးဖြစ်သော၊ ခမည်းတော်ရာ၊ အာဏာလွှမ်း မိုး၊ ဇမ္ဗူစိုးသား၊ တန်ခိုးတေဇာ၊လက်ရုံးပညာ၊ဟွန်ဟွာ နတ်လူ၊ အံ့ရာမူသား၊ ဆင်ဖြူ-ဆင်နီများသျှင်၊ ဘုရား ငါးဆူအစဟိသော၊ ကောင်းမှုတော်တို့၏ဒါယကာ၊ ဒုတိယ ရာဇဝင်၊ ဘိုးတော်ကြီး၊ မင်းတရားကြီး၏ သားတော် တမူလည်းဖြစ်ထသော။

ဆင်ဖြူများသျှင်၊ ပဉ္စမရာဇဝင်၊ မင်းတရား၏။ သားတော်လတ် ဖြစ်တော်မူသော * သိဟသူရ-မဟာ ဓမ္မရာဇာ အမည်တော်ဟိသော၊ မင်းတရားသည်၊ ပုလဲ အသွင်၊ ဖြူစင်နာဂ၊ တစီးရသား၊ ငါးစီးသခင်၊နတ်သျှင် နွယ်ဆက်၊ မပျက်စည်ရှည်၊ နန်းရိုးတည်သား၊ နှစ်မည် တိုင်းချာ၊ အောင်ရာတမ်ဆိပ်၊ မင်းဝံ့ထိပ်ဝယ်၊ ပယ်နှိပ်

www.dhammaransi.com



ရန်နှင်၊ မင်းတကာတို့နေရာဖြစ်သော၊ အာသာတောင့်တ၊ ကြိုက်သမျှကို၊ ရစေတတ်သား၊ မဏိရောင်ပွန်၊ ဝံသဝဏ်၏။ တည်မှန်ဇာတိ၊ တောင်ဂိရိနှင့်။ တရှိမယွင်း။ ပတ္တမြားတွင်း၊ အစရှိသော။ ရတနာမျိုးတို့၏၊ တည်ရာဖြစ်သော။ ရတနာပူရ၊ ရွှေဝပြည်ကြီးကို။ တည်ထောင်ပြုဖူတော်မူ၍။

ဝေဇယန္တာ—ပြာသာဒ်နှင့်တူသော။ ရွှေနန်းဗိမာန်၌။ ကြီးလှစွာသော၊ မင်းစည်းစိမ်ကို။ စံတော်မူသော။ မဟာမြတ်မုနိ၊ အမည်တော် ဟိသော။ စည်းခုံကြီး၊ ကျောင်းရန် လေးဆယ်နှင့် တကွသော။ ရွှေကျောင်းလေးထပ်အစဟိသော၊ ကောင်းမှုတို့၏ဒါယကာ။ တတိယရာဇဝင်၊ ဘိုးတော်ရင်း မင်းတရား၏။ သားတော်လတ်တော်မူလည်းဖြစ်ထသော။

ထိုဘိုးတော်ရင်းမင်းတရား၏၊ သားတော်ကြီး၊ ဖြစ်တော်မူသော။ ဆဒ္ဒန်မိုးယံ။ပျံလှည့်ငြားလည်း၊ ဖမ်းစား မာန်ပါ။ ကေသရာသို့။ အာဏာထန်ပြင်း။ အမင်းမင်းကို။ထံရင်းစက်အောက် ရောက်စေတတ်သော။ မင်းထက်မင်းဖျား မင်းတရားလျှင်။ ခမည်းတော်ရာ။ ရတနာရွှေထီးစိုးအုပ်တော်မူသော၊ ရွှေကျောင်းလေးထပ်။အဦးပြာသာဒ်ဟိသော။ ရွှေဦးမှင်။ ရွှေကျောင်းပြာသာဒ် သုံးဆောင်။ သုဓမ္မာဇရပ် အစဟိသော။ များစွာသော ကောင်းမှုတော်တို့၏၊ ဒါယကာတော်။ မဟာဓမ္မရာဇာ၊ အမည်တော်ဟိသော။ စတုတ္ထရာဇဝင်။ ဘကြီးတော် မင်းတရား၏။ ညီတော်တမူလည်းဖြစ်ထသော။

သမုဒ္ဒရာကဲ့သို့ နက်သော၊ ပညာတော်လည်း၊ ဟိထသော။ မြေကြီးနှင့်တူသော အထူးထူးသော ပညာတော်လည်း ဟိထသော။ ခြင်္သေ့မင်းနှင့်တူသော၊ ရဲခြင်းလည်း ဟိထသော။

စာမရီသားနှင့်တူသော၊ အကျင့်သီလတော်လည်း ဟိထသော။ ။နေနှင့်တူသော ဘုန်းတန်ခိုးလည်း ဟိထသော။ ။လနှင့်တူသော၊ ချမ်းမြေ့သော၊ နှလုံးတော်လည်း ဟိထသော။

---

**ရန်အောင်ကြောင်း သတ္တိ ၃-ပါး။** ပဘာဝုဿာဟမန္တာနံ ဝသာတိဿောဟိ သတ္တိယော။ ။ဟူ၍-ကျမ်းဂန်လာသည်နှင့်အညီ။ဘုန်းတန်ခိုး အာဏာစက်၊တည်းဟူသော။ ပဘာဝသတ္တိ။ ။လုလ္လ-ဝိရိယအားထုတ်ခြင်း၊ ပေးကမ်းခြင်း တည်းဟူသော၊ ဥဿာဟသတ္တိ။ ။အတိုင်အပင်ပညာ၊ အကြံအစည် တည်းဟူသော၊ မန္တသတ္တိ။ ။ဤသုံးပါးသော၊ ရန်သူကို အောင်ခြင်း၏၊ အကြောင်းဖြစ်သော။ မင်းတို့၏ အစွမ်းသတ္တိနှင့်လည်း၊ ပြည့်စုံတော်မူထသော။

---

**ရန်အောင်ကြောင်း ဥပါယ် ၄-ပါး။** ဘေဒေါ ဒဏ္ဍော သာမဒါနာ၊ ဗျူပါယာ စတုရောဣမေ။ ။ဟူ၍။ ကျမ်းဂန်လာသည်နှင့်အညီ။ တဘက်သား ရန်သူကို၊ အဖေါ်ခွဲခြင်း တည်းဟူသော၊ ဘေဒဥပါယ်။ ။အနိုင်ဆုံးမခြင်း တည်းဟူသော၊ ဒဏ္ဍဥပါယ်။ ။အညီအညွတ်

ပြုခြင်း တည်းဟူသော၊ သာမဥပါယ်။ ။ ပေးကမ်းစွန့်ကြဲခြင်း တည်းဟူသော၊ ဒါန-ဥပါယ်။ ။ ဤသို့၊ ရန်သူကို အောင်ခြင်း၏ အကြောင်းဖြစ်သော၊ လေးပါးသော၊ ဥပါယ်တို့၌လည်း။ လိမ္မာ ကျင်လည်တော်မူထသော၊

---

**ရန်သူကိုအောင်ခြင်း၏ အကြောင်း ၄-ပါး။**

ယသောတေ စတုရောဓ္ဓာ။
ဝါနုရိန္ဒယထာတဝ။
သတ္တုံဓမ္မောဋ္ဌိတိစဒဂေါ။
ဒိဋ္ဌံ သော အတိဝတ္တတိ။ ။

ဟူ၍၊ ကျမ်းဂန်လာသည့်နှင့်အညီ၊ အမှန်အကန်သော စကားကိုဆိုခြင်းတည်းဟူသောသစ္စာ။ ။ပညာ အမြော်အမြင် တည်းဟူသော ဓမ္မ။ လုလ္လ ဝိရိယ အားထုတ်ခြင်း တည်းဟူသော ဌိတိ။ စွန့်စား ရဲဝန့်ခြင်း တည်းဟူသော စာဂ။ ။ဤသို့သော ရန်သူကို အောင်ခြင်း၏။ အကြောင်း လေးပါး၌လည်း၊ တတ်တော်မူထသော၊

ဘဝရှင် မင်းတရားသည်၊ မုတ္တိမ မဏ္ဍလ၊ မုတ္တိမ အဝန်း၊ သုံးဆယ့်သုံးမြို့။ ။ကုသိမ မဏ္ဍလ။ ကုသိမ အဝန်း၊ သုံးဆယ့်သုံးမြို့။ ။ ဟံသာဝတီ မဏ္ဍလ၊ ဟံသာဝတီ အဝန်း၊ သုံးဆယ့်သုံးမြို့၊ ဤသို့၊ ကိုးဆယ့်ကိုးမြို့တို့ဖြင့်၊ တန်ဆာ-ဆင်အပ်သော၊ ရာမည-ဒေသ အချား။ ဟံသာဝတီ—ရာဇဋ္ဌာနီပြည်ကြီး၌။

**အဘိသိက်ခံသော** မင်္ဂလာနန်းတော် ဆောက်၍။ ပါလာ **သက္ကရာဇ်-၉၉၅။** ဆာဒြ၊ ဆိန္တြ၊ ကလိယုဂ၊ သက္ကရာဇ်၊ ၉၉၅၌၊ အမည့်တော်နှင့်တကွ၊ အဘိသိက် ခံတော်မူ၍၊ ခမည်းတော်မင်းတရား၊ ပြုစုတော်မူသော၊ ရတနာပူရပြည်ကြီးသည်။ သားတော်အစဉ်၊ မြေးတော် အဆက်၊ မြင့်ရှည်စွာ၊ သာသနာတော်ကို၊ ဆောင်ရာ ဖြစ်မည်ဟု ကြံတော်မူ၍။ ။မြို့နည့်မပတ်၊ နဝရပ်မှ။ လည့်ထွက်ကျသား၊ မြမြချမ်းကြည့်၊ တရည့်သိတာ၊နက် လှစွာသော၊ မဟာနဒီ၊ အဓိရဝတီ-မြစ်နား၊ တိုင်းနှစ်ပါး ၏။ ဝတ်တွားညွှတ်ခ၊ ခွန်ဆက်သသား၊ ပြည်များမြင်းမှိုင်၊ နဂိုရ်ကျော်ဘို၊ သာဝတ္ထိကဲ့သို့၊ ဧရာဝတီ၊ ဂင်္ဂါမြရေ၊ လည့်ရစ်ခွေသား၊ အောင်မြေသန်လျက်၊ လယ်ချက်မင်းဝံ၊ တမ္ဗဒီပါ၊ သုနာပရန္တ ဟူသော။ တိုင်းကြီး နှစ်တိုင်း တို့၏။ ထိပ်ဘွေအချက်၊ နန်းဆက် တည်ရာ ဖြစ်သော။ ခပ်သိမ်သောရတနာတို့၏၊ တည်ရာအဖြစ်ဖြင့်၊ ရတနာပူရ ဟု၊ အနွတ္ထံသညာ၊ မည်သာတွင်သော၊ ဤပြည်ကြီးသို့၊ များစွာသော၊ ရဲမက်—ဆင်—မြင်း။ အလုံးအရင်းနှင့်။ ချီတော်မူ၍။

တောင်ပိလု၊ အမည့်ရှိသော၊ အရပ်၌။ စခန်း ယောက်တော်မူပြီး၍လျှင်၊ အချင်း ယူဇနာခွဲ။ အစောက် မှျားပစ်တထောင်ရှိသော၊ မဟာပနာဒမင်း ပြာသာဒ်နှင့် တူသော၊ အလွန်ကြီးကျယ်သာယာသော၊ ရွှေပြာသာဒ် နှင့်တကွ။ ဆယ်ဆောင်သော၊ ရွှေနန်းတော်ကို၊ ငါးလ ဖြင့်သာ၊ စီရင်တော်မူ၍။

(၅)

www.dhammaransi.com



**အဘိသိက် ခံခြင်း စသည်။**

အဘိသိက်ခံခြင်း။ ❋ သိရိသုဓမ္မရာဇာ မဟာဓိပတိ၊ ဟူသော။ အမည်တော်ကို ခံခြင်း။ ရွှေနန်းတော်တက်ခြင်း။ ထီးဖြူ ဆောင်းခြင်း။ အစရှိသော။ မင်္ဂလာတို့ကို၊ ပြုတော်မူသည် ဖြစ်၍။

မဟာသုတသောမ မင်းကြီး။ ဝေဿန္တရာမင်းကြီး အစရှိသော၊ အလောင်းမင်းတို့ကဲ့သို့၊ နတ်မိမာန်နှင့်တူသော ရွှေနန်းတော်၌။ ကြီးလှစွာသော၊ မင်းစည်းစိမ်ကို၊ စံတော် မူလတ်သော်လျှင်၊ ဘိုးတော်ဆင်ဖြူများရှင်၊ မင်းတရား မှစ၍။ နောင်တော်မင်းတရား တိုင်အောင်။ မင်းစဉ်ဥစ္စာ ရတနာများကြောင်း၊ စာရင်းပေါင်းကို၊ လျှောက်လတ် သော်တည်း။

မယာပန ဂဟေတွာ၊ ဂမနကာရဏံ၊ ကာတု ဝဋ္ဋတိ။ အစရှိသော။ သိရိတုလွတ်၊ ညာဏ်ဆုံးဖြတ်လျက်။ လောင်မြတ်ဖွယ်ရာ၊ နည်းနာသွေးယူ၊ ကြံတော်မူမှ၊ ထိုသို့ ဖြစ်မှု၊ ချိကြွမနိုင်၊ ငွေဆိုင်ရွှေတွေ၊ အကုဋေတို့ကို၊ တိုက် ကြမှ၊ ထုတ်ယူစေ၍။

များစွာသော၊ ဘုရားရှင်ရုပ်ထုတော်တို့ကို၊ နန်းတော် တက်သော နှစ်၌ပင်၊ သွန်းလုပ်စေ၍။ စေတီတော်၊ တည် အံ့သောအရပ်ကို၊ ထီးတမံခွန်၊ ဆီမီးတန်ဆောင်၊ ပေါက် ပေါက်၊ အစရှိသော။ ပုဇော်ဘွယ် ဝတ္ထုတို့နှင့်တကွ။ အဘယဂါမဏိ အမည်ရှိသော၊ အမတ်ကြီး အစရှိသော။ အမှူးအမတ်၊ သိတင်းသီလစောင့်သော၊ လူသူတော်ကောင်း တို့ကို၊ စေတော်မူ၍။ ဗူးစမ်း ရှာဘွေ ရလေသော်လျှင်။

www.dhammaransi.com



ရော့ဝတ်ကြိမ်မြစ်မြောက်ဘက်၊ ရွှေမြို့တော်မှ၊ မြောက်မရှုလွန်၊ အနောက်ခပ်ရွှန်း၊ ချင့်မှန်းသင်္ချာ၊ နှစ်ဂါဝုတ်မျှသောအရပ်၌။

---

**တန့်တီး မြေမြတ်** ရှေးသောအခါ၊ အရိမဒ္ဒနာ၊ ပုရာဂါမ၊ ပြည်မသေဌ်နှင်း၊ စည်သူမင်းလျှင်၊ သောင်းကွင်ပြည်ရွာ၊ လှေစကြာနှင်၊ ဒိသာလှည့်ဝန်း၊ နိုင်ငံမြန်းသော်၊ ဘက်ကျွန်းမြတ်လှ၊ ဤဒေသသို့၊ ရောက်လပ်သရော်၊ အာသောကမင်းဖျား၊ တည်ထား မွေတော်၊ အာနုဘော်ကြောင့်၊ လှေတော် တန့်သည်ကို၊ အကြောင်းပြု၍။ ✵ တန့်တီး ဟူ၍၊ အမည်တွင်သော၊ ဤရပ်မြတ်ကို၊ နှပ်တို့ဘော်ပြ၊ မြင်ကုန်ကြသော။ ဘူမလက်သကျ်။ မြတ်မြေမှန်ဟု၊ သန္နိဋ္ဌာန်ချမြောက် ဦးတင်လျှောက်သော်၊ ရွှေမှောက်နတ်ရှင်၊ စိတ်တော်ရွှင်၍။

လက်ာဒီပ၊ မြတ်ဒေသ၌။ ကာကဝဏ္ဏ၊ တိဿမင်းအား။ ဘုရားလုထွတ်၊ သမာပတ်ဖြင့်၊ မှတ်သောရပ်ရွာ။ မင်္ဂလာစေတီ၊ တည်ရာတည်း။ ဤရပ်ပြီဟု။ မြွှောက်ချီသြဇာ၊ ပူဇော်ရ၍။

အရှေ့အနောက်အလျားအားဖြင့်၊ လေးဆယ့်ရှစ်တာ နှစ်တောင်။ တောင်မြောက်အနံအားဖြင့်၊ လေးဆယ့်ခုနှစ်တာ-နှစ်တာ-နှစ်တောင်။ တိုင်းရှည်ဆောင်သောအရပ်ကို။ သုတ်သင်စင်ကြယ်၊ သပ္ပါယ်လျှင်အောင်၊ စီရင်ပြီးမှ။ ဗိုလ်ပါအပေါင်းတို့အား။ သပြာရွှေငွေ၊ ဆုလပ်ပေးတော်မူ၍။

အစောက်သံငါးတောင်ရှိအောင်၊ ကျည်ထိုး သိပ်နှက်၊ တျက်တျက်မာခေါင်၊ သံလျှောင်ပမာ၊ မှိုစေပြီးမှ။

ငါးထောင်သာသနာ၊ တည်စိမ့်ငှါလျှင်၊ ဌာပနာတိုက်ရာတို့ကို၊ မြတ်သော အမျိုးအရိုးနှင့်၊ ပြည့်စုံသော၊ မိဘအဖုံရှိသော၊ အမတ်သားလေးယောက်တို့ကို၊ ဝတ်စားတန်ဆာဆင်စေလျှက်။

---

**ရွှေပနက်တိုင်စိုက် သက္ကရာဇ်-၉၉၈။** ကလိယုဂ-သက္ကရာဇ်၊ ၉၉၈။ တော်သလင်းလဆန်း၊ ဆယ်ရက်။ တနင်္လာနေ့။ စေတီတော်ရာဇ်အလယ်၌။ ရွှေပနက်တိုင်စိုက်၍၊ တမျဉ်းရွှေချည်တို့ဖြင့်၊ သားလှည့်စေပြီးမှ၊ တူးစေ၏။ ဣန္ဒနီလာ၊ အဆင်းရှိသော၊ ချောမွတ်ပြေပြစ်သော၊ ကြီးလှစွာသော၊ အလျားအနံ ရှိသော၊ ဌာပနာတိုက်။ ကျောက်ခြောက်ချပ်တို့ကို၊ သစ်စေး-ဟင်းသပတား၊ ပြေပြစ်စွာ လုပ်စေ၍။

ရတနာ တံတင်းကဲ့သို့၊ စီရင်ပြီးမှ။ အတွင်းနံရံ။ ထက်ဝန်းကျင်သော၊ အရပ်တို့၌။ အဋ္ဌဝီသ၊ ဘုရားရှင်ရုပ်ထုတော်။ အောက်ခင်း၊ အထက်ဗိတာန်တို့၌၊ အချပ်တရာရှိသော! ကုမုဒ္ဒရာ—ကြာပွင့်သဏ္ဍာန်၊ ရေးစေ၍။ ရွှေစင်အတိ၊ မွမ်းမံ၏။ ထိုမှတပါး၊ ဌာပနာတိုက်ရံများကိုလည်း၊ ထိုနည်းအတူ၊ စီရင်တော်မူ၍။

ဌာပနာတိုက်၊ ပြီးပြီးသော်လျှင်၊ အလွန်ကြီးစွာသော၊ သဘင်ကို၊ စီရင်တော်မူ၍။ နိုင်ငံတော်အနီးအဝေး၌ရှိသော အရိယာသံဃာတို့ကို၊ ဖိတ်ပင့်စေ၍။ ဆွမ်း၊ သင်္ကန်း။ ရဟန်းပရိက္ခရာရှစ်ပါး၊ အစရှိသော။ များစွာသော အလှူတို့ကို၊ လှူတော်မူ၍။

www.dhammaransi.com



**စွယ်တော်မြတ်ဌာပနာ သက္ကရာဇ်-၉၉၀။**

သာသနာတော်-သုည-နာဂ-ရူပစမ္မ၊ ဒဒဂဝ-ကလိ-ယုဂ-ပသု-ဆိဗ္ဗ-ဆိဗ္ဗ။ ၉၉၀-နှစ်တော်လပြည့်ကျော် တရက်။ သောကြာနေ့၌။ ဌာပနာ အံ့သောငှါ။ အမြဲ ကိုးကွယ်တော် မူအပ်သော၊ * စွယ်တော်-ဆံတော်တို့ကိုအစပြု၍၊ အပြည့်ပြည့်ကောင်မှု၊ ချီပင့်အပ်သော၊ မရေမတွက်နိုင်သော၊ ဓါတ်တော် မွေတော်၊ ဆံတော်၊ ရတနာစေတီ၊ ရတနာဆင်းတုတော် တို့ကို။ ရတနာတို့ဖြင့် ပြီးသော၊ မဏ္ဍပ်၌၊ ကျင်းပ၍။ ဆရာတော်မြတ်အပေါင်း။ မင်းညီ-မင်းသား။ မင်းမျိုး၊ မင်းဆွေ၊ ထီးဆောင်းနန်းနေ၊ ပဒေသရာဇ်မင်း။မှူးတော်၊ မတ်တော်၊ အပေါင်းတို့နှင့် တကွ၊ သဘင်ကြီးစွာ ခံ၍။ ပူဇော်တော်မူလတ်သော်လျှင်။

---

**ပုလဲအဆင်းမွေတော် တံခိုးပြာဋိဟာ။**

ပုလဲအဆင်းနှင့် တူသော။ အဆင်းရှိသော၊ မွေတော်သည်။ မင်းနှင့် တကွသော၊ ပရိတ်သတ် အလယ်၌၊ ကောင်းကင်သို့တက်၍။ပြာဋိဟာပြတော်မူ၏။ထိုသို့အံ့ဘွယ် သရဲသော ပြာဋိဟာကို၊ မြင်တော်မူလျှင်၊ သာသနာ့ ဒါယကာတော်-မင်းတရားသည်။ အလွန်တရာ၊သဒ္ဓါတော် မူသည်ဖြစ်၍။ အဘိုးအတိုင်းမသိသော၊ ပတ္တမြားတို့ဖြင့်၊ စီမွန်အပ်သော၊ ရတနာကြုပ်၌ထည့်၍။ ပတ္တမြားစေတီဖြင့် အပ်၍။ ရတနာရောင်တို့ဖြင့်၊ ထွန်းလင်းသော၊ ဌာပနာ တိုက် အလယ်၌။ ဌာပနာတော်မူ၏။

ထိုမှတပါးလည်း။ များစွာသော၊ သာရီရိက ဓါတ်တော်။ ရွှေအဆင်းနှင့် တူသော၊ အဆင်းရှိသော။

www.dhammaransi.com



ဆတောင်တကောင်း မွေတော် အစရှိသော။ ဓါတ်တော်တို့ကိုလည်း။ ပတ္တမြားစေတီ။ ရွှေစေတီ။ ငွေစေတီ။ ပယင်းစေတီ။ မိုးကြိုးစေတီ။ အစရှိသော။ များစွာသော။ စေတီတို့၌ ထည့်၍။ ဌာပနာတော်မူ၏။

ထိုမှတပါးလည်း။ ရတနာခုနှစ်ပါးတို့ဖြင့်ပြီးသော၊ ရေတွက်ခြင်းငှါ၊မတတ်နိုင်သော၊ရုပ်ထုတော်တို့ကိုလည်း။ ကျမ်းဂန်နှင့်အညီ၊ အစီအစဉ်သင့်စွာ၊ ဌာပနာတော်မူ၏။

ဤသို့သောနည်းဖြင့်။ ✱ သိရိသုဓမ္မရာဇာ မဟာဓိပတိ၊ အမည်တော်ရှိသော၊ မင်းတရားသည်။ စကြာရတနာအစရှိသော၊ ရတနာ–ခုနှစ်ပါးနှင့်တူသော။ သာဘိသမ္ဘောဇ္ဈင် အစရှိသော။ ဗောဓိအင်္ဂါ၊ ရတနာခုနှစ်ပါး၊ မြတ်တရားရှင်၊နိဗ္ဗာန်သခင်၊မင်းဖြစ်ချင်၍။ မြဲမြံခိုင်ခန့်စွာ၊ ခုနှစ်ကြိမ်မြောက်အောင်၊ ဌာပနာတော်မူ၍။

အရာမကာ၊များလှစွာသော၊ ပန်းရန်တမော့တို့အား၊ ဆုလပ်ရိက္ခာ၊ ဝတ်စားတန်ဆာ၊ ပေးတော်မူ၍။

---

**သီဟိုဠ်ကျွန်း ထူပါရုံစေတီနှင့် တူသော။**

အချင်းသံတောင်၊ တရော့ခြောက်ဆယ်တမုဒ်နှင့်၊ လေးသစ်။ ။ အစောက်သံတောင်၊ တရော့တတောင်၊ အတိုင်းအရှည်ရှိသော၊ သီဟိုဠ်ကျွန်း၌။ ဒေဝါနံ ပိယတိဿမင်းကြီးသည်၊ မဟိန္ဒထေရ်ကိုအမှီပြု၍၊ သိကြားနတ်မင်းအထံမှ ရအပ်သော၊ ညှုပ်ရိုးတော်ဓါတ်ကို၊ ဌာပနာ၍၊ တည်အပ်သော၊ ထူပါရုံစေတီနှင့် တူသော။ သဏ္ဍာန်ရှိသော၊

**သိကြားမင်း-သမုတ်အပ်သော ဘွဲ့တော်။** သိကြားနတ်မင်း၊ သမုတ်အပ်သော *ရာဇမဏိစူဠာ။အမည်တော် ရှိသော၊ ဤစေတီတော်ကို။ ငါးထောင်သာသနာ ခိုင်ခန့်မြဲမြံစွာ၊ တည်စိမ့်ငှါလျှင်၊ တဆယ့်နှစ်နှစ်တိုင်အောင်၊ လုပ်တော်မူ၍၊ အင်းဂတေထုပ်တော်မူ၏။

မှန်ကင်းအထွင့်ရှိသော၊ရွှေကျောင်းကြီးလေးကျောင်း၊ ကျောင်းရံ လေးဆယ်။ လောဟပါသာဒ၊ ပြာသာဒ် ကျောင်းကြီးနှင့်တူသော။ များစွာတိုက်ရှိသော၊ သယ်ဝက ရွှေကျောင်းတန်ဆောင်။ လေးဆောင်၊ သုဓမ္မာနတ်သဘင်ကဲ့သို့။ ကြီးကျယ်တင့်တယ်သော၊ ရွှေဇရပ် နှစ်ဆောင်၊ ဝန်းကျင်တံတိုင်း သုံးထပ်၊ ရေတွင်း-ရေကန်၊ ဥယျာဉ်တို့ကိုလည်း၊ စီရင်တော်မူ၏။

အတွင်းဝန်းကျင်တော်တံတိုင်း၌လည်း၊ ဒီပင်္ကရသုံးလုဘ၌၊ ဗျာဒိတ်ခံသော၊ အဂ်ါ ၄စ်ပါး၊ ထင်ရှားရုံလျှ၊ သုမေဓအဖြစ်၊ ကိုယ်တော်စစ်ကို၊ အစရေးဖျား၊ နိဒါန်းထား၍။ အပဏ္ဏကဇာတ်အစ၊ ဝေဿန္တရာဇာတ် အဆုံးရှိသော၊ အခွဲနှင့်တကွ၊ ခြောက်ရာသော ဇာတ်တော်။

တုသိတာနတ်ပြည်မှ၊ မယ်တော်ဝမ်း၌၊ ပဋိသန္ဓေနေ၍၊ ဖွားတော်မူသည်မှစ၍၊ ဘုရားအဖြစ်သို့၊ ရောက်တော်မူဟန်။

လေးဆယ့်ငါးနှစ်ပတ်လုံး။ ထိုထိုသို့သော အရပ်တို့၌။ စါသို၍။ ဝေနေယျတို့အား၊ တရားဟောတော်မူဟန်။

ဘုရားရှင်—ခမည်းတော်၊ မယ်တော်၊ ဇေတဒိဂ်ရ၊ သာဝကအစဉ်၊ ပရိနိဗ္ဗာန်—ဓါတုဝိဘဇနေ-စေတီစဉ်။

www.dhammaransi.com



သင်္ဂါယနာသုံးတန်။ ပေါဠကာရုဋ္ဌ၊ သိဟိုဠ်ပြည်မှ၊ * သပိတ်တော်။ * ဇွယ်တော်တို့သည်။ ဟံသာဝတီသို့ ရောက်ဟန်။ ဟံသာဝတီမှ၊ ကေတုမတီ။ ကေတုမတီမှ၊ ရွှေမြို့တော်သို့ရောက်ဟန်။

ကာမသုဂတိ-ခုနှစ်ဘုံ။ ဗြဟ္မာဘုံအောက်၌လည်း။ အပါယ် လေးဘုံတို့ကို။ ကျမ်းဂန်နှင့်အညီ၊ ရေးစေ၍။ ထိုသို့အလုံးစုံကို။ ထိုထိုသော ဒေသကထာ ဖြစ်သော။ မြန်မာဘာသာ။ မွန်ဘာသာ။ ယွန်းဘာသာ။ ကမ္ဘည်းကို ရေးစေ၍။

ရင်ပြင်တော်အယောင့်လေးမျက်နှာ၌လည်း ကြီးစွာသော၊ ခေါင်းလောင်းလေးလုံး၊ စည်ကြီးလေးလုံးတို့ကို၊ ရွှေတဆောင်း၊ လေးဆောင်တို့၌ ထားတော်မူလေ၏။

---

**ရွှေကျောင်းတော်များ။** ထိုမှတပါး။ တောင်ပိလူအရပ်၌။ ရွှေကျောင်းတော်။ ရက်ခန့်အရပ်၌။ ရွှေကျောင်းတော်။ ပင်းယ-ရွှေစည်းခုံဘုရားရှင်၊ တောင်မျက်နှာ၌၊ တံတိုင်းနှစ်ထပ်တို့ဖြင့်၊ ရံအပ်သော အံ့ဘွယ်သရဲရှိသော၊ ကျောင်းရံနှင့် တကွသော၊ ရွှေကျောင်းတော်။ ခမည်းတော်-ကောင်းမှုတော်။ မဟာမြတ်မုနိအနောက်၊ ကျောင်းတော်ရာ၌။ တံတိုင်းနှစ်ထပ် ကျောင်းရံ လေးဆယ်နှင့် တကွသော၊ လေးထပ်, ရွှေကျောင်းတော်။

မဟာမြတ်မုနိမြောက်၌၊ တံတိုင်း ကျောင်းရံနှင့် တကွသော။ သုံးထပ်ရွှေကျောင်းတော်။ ။ဟံသာဝတီ

www.dhammaransi.com



ပြည်ကြီး၌၊ ရွှေမောဓောဘုရားရှင်၊ လေးမျက်နှာသော အရပ်၌။ လေးဆောင်သော ကျောင်းတော်။ ဇင်းမယ် ပြည်။ ကျိုင်းသည်ပြည်တို့၌၊ နှလုံးမွေ့လျော်ဘွယ်ရှိသော၊ ရွှေကျောင်းတော်။

ပင်းယရွှေစည်းခုံရှေ့၌၊ ဥမင်ဦးလေးထပ်နှင့် အကွ သော၊ ရွှေဥမင်တော်၊ စစ်ကိုင်းဝယ်၊ ရှင်ဖြူရှင်လှ။ အရှေ့ မြောက်ယွန်း၊ မြစ်နားတောင်ထိပ်၌၊ ဝေဇယန္တာပြာသာဒ် ရွှေကျောင်းတော်။ ပုညစေတီဘုရားရှင်အရှေ့၌၊ သုံးထပ် ခိုနန်း၊ ရွှေကျောင်းတော်တို့ကို၊ ဆောက်၍ လှူတော်မူ၏။

---

**ရွှေဇရပ်များ။** ပင်းယရွှေစည်းခုံ၌ ရွှေဇရပ်။ တံတားဦး မင်္ဂလာစေတီ၌ ရွှေဇရပ်။ ထူပါရုံဒါယကာ နရပတိသခင်းတော်၊ ညီအမကောင်းမှု၌ရွှေဇရပ်။ စစ်ကိုင်း ပုညစေတီ၌ ရွှေဇရပ်။ ရွှေယင်မျှော်၌ ရွှေဇရပ်။ အဝ ရွှေစည်းခုံ၌ ရွှေဇရပ်။ တောင်ပြုံး ဆုတောင်းပြည့် စေတီ တော်၌ ရွှေဇရပ်။ ဇင်းမယ်၌ ရွှေဇရပ်။ ကျိုင်းသည်၌ ရွှေဇရပ်တို့ကို၊ ဆောက်၍လှူတော်မူ၏။

---

**ရွှေအတိမှမ်း၍ လှူသောစေတီတော်များ။** ထိုမှတပါး။ လ—ပုန်စေတီတော်။ ဒဂုန်ဆံတော်။ မော်ဓော စေတီ တော်။ပြည်ဆံတော်။ ကေတုမတီ၌ ဆံတော်။ ပုဂံရွှေစည်းခုံ။ သီဟတော။ ရွှေစာရံ။ မဏ္ဍလေး ရွှေသာလျောင်း။ တံတားဦး မင်္ဂလာစေတီ၊ ထူပါရုံ။

www.dhammaransi.com



အဝရွှေစည်းခုံ။ မဟာမြတ်မုနိ။ ပုညစေတီ။ ထိုစေတီတော် တို့ကိုလည်း။ ရွှေအတိမွမ်း၍ လှူတော်မူ၏။

---

**မျက်ကွင်းစေတော်ခါတ်။**

မျက်ကွင်းတော်ဓါတ်၊ ရွှေယင်မျှော် စေတီတော်ကိုလည်း၊ကြေးနီပြားတို့ဖြင့်၊ပိတားမှုနှံ့။ ရွှေအထပ်များစွာထည့်၍။ တခဲနက်သော၊ ရွှေပြားကဲ့သို့စီရင်ပြီးမှ၊ အပြည့်မွမ်း၍၊ လှူတော်မူ၏။

ထိုမှတပါး။ နိုင်ငံတော်အလုံး၌ရှိသော၊ များလှစွာသော စေတီ။ စည်းခုံ။ ဂူလှိုင်-ဆင်းထု။ ရုပ်ထု-ပြိုပျက်သမျှတို့ကိုလည်း၊ ပြီးအောင်လုပ်၍၊ ရွှေအတိမွမ်း၍၊ လှူတော်မူ၏။

မပြိုမပျက်သော၊ စည်းခုံ–စေတီ အပေါင်းတို့ကိုလည်း၊ အတိုင်းထက်အလွန် သပ္ပါယ်ကြောင်း၊ ရွှေအတိမွမ်း၍၊ လှူတော်မူ၏။ ။ ထိုသို့သော စေတီ–စည်းခုံတို့ကိုလုပ်၍၊ ပြီးတိုင်းလည်း။ များလှစွာသော အလှူကြီးကိုပေး၍၊ သာရခေါ်တော်မူ၏။

---

**ပရိယတ္တိသာသနာ ပြုစုတော်မူခြင်း။**

ထိုမှတပါးလည်း၊ သာသနာတော်သုံးပါးတွင်၊ ပရိယတ္တိသာသနာသျှင်အကြောင်းရင်းဖြစ်၏။ တယောက်သော၊ ရဟန်းသည်မျှလည်း၊ ပရိယတ္တိ တရားတော်ကို။ တတ်သည်ဖြစ်၍။ သာသနာတော်၌၊ ရောက်ပေါက်သည်ရှိသော်၊ အလုံးစုံသော၊ သာသနာတော်ကို၊ တည်စေနိုင်၏ဟူ၍၊ ကျမ်းဂန်၌လာသည်ကို၊ နှလုံးသွင်းတော်မူ၍။

www.dhammaransi.com



ကျွမ်းဂန်ကို ကျိုးစားအားထုတ်ကုန်သော၊ ပဉ္စင်းလောင်း၊ သာမဏေလောင်းတို့ကို၊ ရှုးစမ်းရွေးချယ်၍။ နှစ်တိုင်း နှစ်တိုင်း၊ သာသနာတော်၌၊ များစွာတည်စေ၏။

ကလိ-ယုဂ သက္ကရာဇ်၏၊ ထောင်ပြည့်သော နှစ်၌ လည်း၊ တထောင်သော ပဉ္စင်းလောင်းတို့ကို၊ သာသနာ တော်၌၊ တည်စေ၏။

---

**ပိဋကတ်တော်ကို ရေးစေခြင်း။**

သိယ်ဠိုကျွန်း၌။ ဝဋ္ဋဂါမဏိမင်း လက်ထက်။ ပေါတ္ထကာရုဠှ-ပြုသော အခါ၊ ပိဋကတ်တော်ကို၊ အထပ် တရာတိုင်အောင်၊ တည်းပြင်၍သကဲ့သို့၊ ကျွမ်းဂန်သိမြင် သော၊ ဆရာတော်မြတ်တို့ကို၊ မှန်ကန်လှအောင်၊ ပြင်ဆင် မစေစေ၍၊ အက္ခရာဓာတ်သော၊ မြဲမြံသော သတိရှိသော၊ မှံ့စာရေးတို့ကို ရွေးချယ်၍။ အဝတ်အစားတန်ဆာ ဆုလပ် ပေးတော်မူ၍။ သဘင်ကြီးစွာခံတော်မူလျက်၊ များလှစွာ သော၊ အလှူကြီးပေး၍။

ရွှေခြူညောင်ရွက် ဆွဲသော။ ကြာယပ်-ဗိတာန် ကြက်ခြင်း၊ အစရှိသော၊ တန်ဆာတို့ဖြင့်၊ တန်ဆာ ဆင်အပ် သော၊ မဏ္ဍပ်ဝယ်၊ ရွှေစာတောက်၊ ငွေစာတောက်တို့၌ ဓိန့်ပြည်ဖြစ်ပုဆိုး၊ ကမ္ဗလေ့တင်၍၊ ရွှေမံခွက်၊ ငွေမံခွက် တို့၌၊ မွှေးပေါင်း နှင်းရည် ဖျော်၍၊ ရွှေပုတ်-ငွေပုတ် တို့ဖြင့်၊ ရှစ်နှစ်ပတ်လုံး။ ပိဋကတ်တော် ကျမ်းအပေါင်း တို့ကို၊ ရေးစေ၏။

ထိုသို့ရေးပြီးသော ကျမ်းတို့ကို၊ အဝ-စစ်ကိုင်း။ ပင်းယ၌ရှိကုန်သော၊ ပရိယတ္တိသာဂရ၏၊ ကမ်းတဘက်သို့၊ ရောက်ကုန်သော၊ ဆရာတော်မြတ်တို့ကို၊ အထပ်များစွာ တည့်ပြင်စေပြီးမှ၊ နိဋ္ဌုန်-ရွှေမှည့်၊ အဖြည့်မွမ်းပြီး၊ ကြီးသည်ဘိုးမြတ်၊ တုလွတ်မည်၊ သရိခတ္တ၊ မ့ါသာရ ပင့်၊ မုဒ္ဒါဟတ်က၊ စသည့်ကောင်းမျိုး၊ ပုဆိုးတို့ဖြင့်၊ ထုပ်ပူဇော်၍၊ ရွှေဖြင့်ပြီးသော၊ ပိဋကတ်တိုက်တို့၌၊ ထားတော်မူ၏။

ရွှေပြည်တော်မှစသော၊ အတိုင်းတိုင်း-အပြည်ပြည်၌ ရှိသော၊ မွေ့တော်-ဓါတ်တော်၊ ဆင်းတု၊ စေတီတို့အားလည်း၊ နှစ်တိုင်း၊ ရွှေပန်းခိုင်၊ ငွေပန်းခိုင်။ ရွှေတန်ဆောင်း ငွေတန်ဆောင်း၊ ထီးဖြူတံခွန်၊ များစွာလှူတော်မူ၏။ ရွှေပြည်တော်၏၊ အရပ်လေးမျက်နှာ၌လည်းကောင်း၊ စစ်ကိုင်း ပင်းယ၊ တံတားဦး၊ အရပ်တို့၌ လည်းကောင်း၊ ဇရပ်ဆောက်၍၊ ပိဏ္ဍပါတိယ၊ သင်္ဃာတို့အား၊ နေ့တိုင်းမပြတ် ဆွမ်းလှူတော်မူ၏။ ဤသို့သောနည်းဖြင့်၊ ရေတွက်ခြင်းငှါ၊ မတတ်နိုင်သော၊ ဆွမ်းအဖျော်၊ ပရိက္ခရာရှစ်ပါး၊ အစရှိသော၊ ရဟန်းတို့၏ အသုံးအဆောင်တို့ကို၊ နိစ္စမပြတ်၊ လှူတော်မူပြီး၍။

---

**ထီးတော်မတင်ရ။** ရာဇမဏိစူဠာမဟာစေတီတော်ကို၊ ထီးတော်မတင်ခင်လျှင်၊ မန္ဓာတ်စကြာမင်းသည်။ စကြာရတနာနှင့်တကွ။ အလုံးစုံသော၊ စကြာမင်း စည်းစိမ်ကို၊ သားတော်ကြီးအား နှင်းခဲ့၍။ တာဝတိံသာ နတ်ပြည်သို့၊ တက်လေသကဲ့သို့၊ ဖြစ်တော်မူဂဲ့ သော်တည်း။

www.dhammaransi.com



**အဘိဇစ္စဗလ** ဒ္ဒိသံပတိ၊ ဘူမိပါလာ၊ ရဋ္ဌာဓိပ၊ဗာဟုဇနှင့်၊ နရဒေဝ၊ စသည့်ကျမ်းလာ၊ အမည်သာ ရှိသော၊ ဇာတိမင်းရိုး မြတ်မျိုးနှင်နှင်၊ ဆင်ဖြူများရှင်၊ မင်းတို့သခင်ဖြစ်သော၊ ဟံသာဝတီ ရာဇဓာနီပြည်ကြီးရှင်၊ ဘေးတော်မင်းတရား၊ ထိုဆင်ဖြူများရှင်၊ မင်းတရား၏။ သားတော်ကြီးဖြစ်သော၊ဘုရားငါးဆူဒါယကာ၊ဘိုးတော် မင်းတရား၊ထိုမင်းတရား၏၊ဦးတော်ရင်းဖြစ်တော်မူသော၊ ရတနာပူရ၊ ရွှေဝပြည်ကြီးရှင်၊ ရွှေနန်းသခင်၊ ဘိုးတော် မင်းတရား၊ ထိုမင်းတရား၏၊ သားတော်ကြီး ဖြစ်သော၊ ဘကြီးတော်မင်းတရား၊ထိုမင်းတရား၏၊ဦးဘော်ဖြစ်သော ခမည်းတော်မင်းတရား။ ဤသို့ ငါးဆက်သော မင်းတို့၏၊ အစဉ်အားဖြင့်၊ အသမ္ဘိန္န၊ ခတ္တိယဇစ်၊ မင်းမြစ် မင်းမြေး မင်းရင်သွေး၊ အဖြစ်တည်းဟူသော၊ အဘိဇစ္စဗလနှင့် လည်း၊ ပြည့်စုံတော်မူထသော။

---

**ဗာဟုဗလ။** ငါးပြန်တရာ၊ ယူဇနာတိ၊ သဉ္စာချင့်မှန်၊ ဟေမဝန်၌၊ ရဲမှန်ဇာတိ၊မိဂါဓိနှင့်တူသော၊ ရဲစွမ်းခြင်း ရှိတော်မူသည်ဖြစ်၍၊ ဒုဋ္ဌဂါမဏိ၊ အဘယ မင်းသည်၊ တကျိပ်သော—သူရဲကြီးတို့နှင့်အကွ၊ များစွာ သော၊ ကျည်းမိဠ္ဌာတို့ကို၊သုတ်သင်တော်မူ၍၊ သာသနာ တော်ကို၊ ထွန်းတောက်ပစေသကဲ့သို့၊ ခပ်သိမ်းသော၊ ရန်သူတို့ကို၊ နှိမ်နှင်းခြင်း၌၊ စွမ်းနိုင်သော၊ ဗာဟုဗလ နှင့်၊ ပြည့်စုံတော်မူထသော။

(၇)

www.dhammaransi.com



**ဓဘာဂဗလ။** နရသီဟ၊ သကျသေဋ္ဌနင်း၊ ထွင့်မှန်ကင်းလျှင်၊ မင်း၏ချမ်းသာ၊ စံသောခါတည်း။ ဒေဝဒဟ၊ ကောလိယ၊ ကပိလဝတ် ဟူသော၊ ပြည်ကြီး သုံးပြည်သားတို့၊ ဆက်သအပ်သော၊ လက်ဆောင်ပဏ္ဏာ၊ ရတနာတို့ဖြင့်လည်းကောင်း။

ခပ်သိမ်းသောသူတို့၊ အလိုရှိတိုင်း၊ ယူဖြားသော်လည်း၊ အရာမထင်၊ အတိုင်းပင်တည်းဟူသော၊ ကုသိုလ်ကံဟောင်း၊ ပေါင်း၍ဆက်သအပ်သော၊ အဝ-တဂါဝုတ်၊ နှစ်ဂါဝုတ်၊ သုံးဂါဝုတ်၊ တယူဇနာရှိသော၊ အစောက်ယူဇနာ၊နှစ်သိန်းလေးသောင်းရှိသော၊ရွှေအိုးကြီးလေးလုံးတို့နှင့်လည်းကောင်း၊ ပြည့်စုံသကဲ့သို့။

---

**တိုင်းကြီး-၁၁။** စကု-စလင်း၊ လယ်ကိုင်း၊ ဖေါင်းလင်း၊ ကလေးသောင်သွပ်၊အစရှိသော၊ ပြည်ကြီးတို့၏တည်ရာ၊ သုနာပရန္တတိုင်း။

ပုဂံ၊အဝ၊ ပင်းယ၊မြင်းစိုင်း အစရှိသော၊ ပြည်ကြီးတို့၏တည်ရာ၊ တမ္ပဒီပတိုင်း။

သီဘော၊ ညောင်ရွှေ၊ မိုးနဲ အစရှိသော၊ ပြည်ကြီးတို့၏တည်ရာ၊ ကမ္ဘောဇတိုင်း။

ဗမော်၊ ခွေလုံ၊ စန္တာ အစရှိသော၊ ပြည်ကြီးတို့၏တည်ရာ၊ စိန့်တိုင်း။

သရေခေတ္တရာ၊ ဥဒေတရစ်၊ ပန်းတောင်၊ အစရှိသော၊ ပြည်ကြီးတို့၏တည်ရာ၊ သိရိခေတ္တရာမတိုင်း။

ကေတုမတီ၊ ဇယဝတီ၊ အစရှိသော ပြည်ကြီးတို့၏တည်ရာ၊ ဇယဝဍ္ဎနတိုင်း။

www.dhammaransi.com



ဟံသာဝတီ၊ ဒိဂုံ၊ ဒလ၊ ကုသိမ်၊ ရောင်မြ၊ မုတ္တမ အစရှိသော၊ ပြည်ကြီးတို့၏တည်ရာ၊ ရာမညတိုင်း။

ကျိုင်းတုံ အစရှိသော၊ ပြည်ကြီးတို့၏ တည်ရာ၊ ခေမဝရတိုင်း။

ဇင်းမယ်၊ ကျိုင်းသည်၊ အစရှိသော၊ ပြည်ကြီးတို့၏ တည်ရာ ဟရိပုဉ္စတိုင်း။

ကျိုင်းရုံ၊ မိုင်းစည်၊ အစရှိသော၊ ပြည်ကြီးတို့၏ တည်ရာ၊ မဟာနဂရတိုင်း။ ။ ဤတိုင်းကြီး၊ ပြည်ကြီး တို့မှ လည်းကောင်း။

သမုဒ္ဒရာ အခြားရှိသော၊ မဇ္ဈိမဒ္ဒ၊ ပြည်ကြီးတို့မှ လည်းကောင်း၊ ဆက်သအပ်သော၊ အဝတ်တန်းဆာ၊ ဆင်းမြင်းဗိုလ်ပါ၊ ရတနာ-ရွှေငွေတို့နှင့်လည်းကောင်း။

အဘိုင်းကိုင်း-အပြည်ပြည်သားတို့သည်။ ယူ၍မကုန် နိုင်အောင်။ ရွှေတွင်း-ငွေတွင်း၊ ပယင်းတွင်း၊ ပတ္တမြား တွင်း၊ အစရှိသော၊ ရတနာတိုက်ကြတို့၌ထားအပ်သော။ ပေးကမ်းသုံးစွဲ၍မကုန်နိုင်သော ရွှေ-ငွေ-ပယင်း-ပတ္တမြား အစရှိသော၊ ဥစ္စာတည်းဟူသော၊ ဘောဂဗလနှင့်လည်း ပြည့်စုံတော်မူထသော။

---

**အမစ္စဗလ။** ဆင်မြင်းစီးနှင်၊ ကျင်လျှင်-လေ့ကျွမ်း၊ ရဲစွမ်း သတ္တိ၊ ရှိကုန်ထသော။ ။ ပြည်ရေးရွာမှု၊ ကြည့်ရှုမြင်နိုင်၊ သုံးဆိုင်စစ်ဆင်၊ ကြွင်းမဲ့ကျင်သား၊ အမတ်စစ်သူကြီး၊ ဓမ္မသတ်-ကျွမ်းလေ့၊ သိမ်မွေ့နှုတ်ရည် ကွေ့လည် ဆန်းပြား၊ စကား သိတတ်၊ ရာဇဝတ်ရေး၊ ရောထွေးမြင်နိုင်၊ ကျောက်စာကိုင်ယို့၊ ကြန့်ခိုင်တိမတ်၊

www.dhammaransi.com



တရားဆုံးဖြက် တတ်သော အမတ်။ မတော် နှုတ်လက်၊ ခိုးဖွက်လှည့်ဖျား၊ လျှပ်စားစားကို၊ တရားကျင့်ရိုးအလိုက်၊ စိစစ်သော၊ ပြည်ဝိုးမြို့ကွပ်၊ ဆော်ကြပ်ထောင်ပိုင်၊ သင်းခိုင်မှူးကြီး၊ ကျေးသီးနှံစား၊ အစရှိသော။ အထောင်မကသော၊ အမတ် တည်းဟူသော။ ✵ အမစ္စဗလနှင့်လည်း၊ ပြည့်စုံတော်မူထသော။

---

**အင္ဂါရသ ပညာအား။** ။ မုဋ္ဌာ မုဋ္ဌ။ အမုဋ္ဌဟု။ စသည်လေးပါး။ လက်နက်များနှင့်၊ မင်းသား-မင်းသာ၊ တတ်ကျွန်ရာသား၊ သွားကာသံလျက်၊ ပစ်စက်မြှားခြင်း၊ ဆယ့်နှစ်ကွင်နှင့်၊ ဆင်မြင်း-ကြံ့မျိုး၊ စီးရိုးနှင်နည်း။ ချုပ်တည်းထိုစ်ရပ်၊ လျှပ်သားပညာ၊ ဗိသုကာမှု၊ ရေးထုမချွန်၊ တပ်ပွန်ကိစ္စ၊ ဠာရသကို၊ တတ်စွမ်းတော်မူသော။ ပညာအား၊နှင့်လည်း၊ ပြည့်စုံတော်မူထသော။

---

**စာမရှိသားမြတ်ကဲ့သို့ အင်္ဂါတပါး။** ။ တပါးသော အင်္ဂါရှိသော၊ စာမရှိသားမြတ်ကဲ့သို့၊ မင်းကျင့်တရား၊ ဟူသော၊ စာရိတ္တ၊ သီလ၊ ပဋ္ဌသိ၊ အဋ္ဌသိ တည်းဟူသော။ ဝါရိတ္တသီလကို၊ မြတ်နိုးခြင်း တည်းဟူသော။ တပါးသော အင်္ဂါနှင့် ပြည့်စုံတော်မူထသော။

---

**တုရင်တိုင်ကဲ့သို့ အင်္ဂါနှစ်ပါး။** ။ နှစ်ပါးသော အင်္ဂါရှိသော။ တုရင်တိုင်ကဲ့သို့။ နက်နဲခိုင်ခန့်သောအဖြစ်။ ခပ်သိမ်းသော သူတို့သည်။ မလှုပ်ရှားနိုင်သော အဖြစ်တည်းဟူသော။ နှစ်ပါးသော အင်္ဂါတို့နှင့်။ ပြည့်စုံတော်မူထသော။

www.dhammaransi.com



**ပဏ္ဏမြားကဲ့သို့ အင်္ဂါ ၃-ပါး။** သုံးပါးသော အင်္ဂါရှိသော၊ ပဏ္ဏမြား ကဲ့သို့။ အမျိုးတော်—အကျင့်တော်၏။ စင်ကြယ်သောအဖြစ်။ မကောင်းမှုတို့ဖြင့်၊ မလိမ်းကျံသောအဖြစ်။ မြတ်သောသူတို့နှင့်၊ နှီးနှောသော။ အဖြစ်တည်းဟူသော။ သုံးပါးသော အင်္ဂါတို့နှင့်၊ ပြည့်စုံတော်မူထသော။

---

**စကြာမင်းကဲ့သို့ အင်္ဂါလေးပါး။** လေးပါးသော အင်္ဂါရှိသော။ စကြာ မင်းကဲ့သို့။ ခပ်သိမ်းသော သူတို့ကို။ လေးပါးသော သင်္ဂဟဝတ္ထုဖြင့်။ ချီပင့်ခြင်း။ ရတိမ်းကလျှာတို့ကို မရှိစေခြင်း၊ တိုင်းကားနိုင်ငံတို့ကို၊ နေ့တိုင်းမပြတ်၊ ဆုံးမစီရင်တော်မူခြင်း။ အတွင်း အပ၌။ အစောင့်အရှောက်ထားခြင်း၊ တည်းဟူသော။ လေးပါးသော အင်္ဂါတို့နှင့်၊ ပြည့်စုံတော်မူထသော။

---

**မိုဃ်းကဲ့သို့ အင်္ဂါ ၅-ပါး။** ငါးပါးသော အင်္ဂါရှိသော။ မိုဃ်းကဲ့သို့။ အတွင်းအပ၌ဖြစ်သော၊ ရန်မြူကို။ တရားညီစွာ၊ နှိမ်နှင်းခြင်း။ ပူပန်စေတတ်သော။ ဒေါမနဿ။ ဥပါယာသ။ အကုသိုလ် ဝိတက်တို့ကို ပယ်ခြင်း။ မျိုးစေ့နှင့်တူသော။ ဖြစ်ရောက်ထိုက်သော သူတို့ကို ပြုရခြင်း။ ထိုကုသိုလ်ပြုရပြီးသောသူတို့ကို။ အဖန်တလဲလဲ၊ အောင့်မေ့စောင့်မခြင်း။ ရေတွင်း-ရေကန်နှင့် တူသော။ ပညာရှိတို့ကို။ ပေးကမ်းချီးမြှောက်သောအားဖြင့်။ ပြည့်စုံစေခြင်းတည်းဟူသော။ ငါးပါးသော အင်္ဂါတို့နှင့်။ ပြည့်စုံတော်မူထသော။

www.dhammaransi.com



**မဟာနာမ-မင်းကဲ့သို့ အင်္ဂါခြောက်ပါး။** ခြောက်ပါးသော အင်္ဂါရှိသော။ မဟာနာမ-မင်းကဲ့သို့။ ဘုရား၌ ရှိသေခြင်း။ တရား၌ရှိသေခြင်း။ သံဃာ၌ရှိသေခြင်း။ သီလ၌ ရှိသေခြင်း။ ။ ဟိရိဩတ္တပ္ပ တည်းဟူသော။ ခြောက်ပါးသောအင်္ဂါ နှင့်၊ ပြည့်စုံတော်မူထသော။

---

**အပရိဟာနိယတရား ၇-ပါး။** ခုနစ်ပါးသော အင်္ဂါရှိသော။ ဝေသာလီမင်းကဲ့သို့။ မပြတ် စည်းဝေး တိုင်ပင်ခြင်း။ ပြုအပ်သော အမှုအရာတို့၌။ အညီအညွတ်စီရင်ခြင်း။ တရားနှင့်ညီစွာ၊ စီရင်လေ့ရှိသော။ ရှေးမင်းတို့အကျင့်ကို။ မဖျက်မလွန်ခြင်း။ မင်းစဉ်စိုးဆက်မှီသော။ မင်းဆွေ–မင်းမျိုး။ မှူးကြီး–မတ်ကြီးတို့ကို။ မြတ်နိုးပေးကမ်းခြင်း။ ပြည်သူတို့ကို၊ အနိုင်မနှိပ်စက်ခြင်း။ ပြည်တွင်း–ပြည်ပတို့၌။ ရှေးမင်းတို့ ပူဇော်သော။ နတ်တို့အား။ တရားနှင့်ညီစွာ။ ပူဇော်သက္ကာရကိုပြုခြင်း။ သီလစန်၊ ဂုဏစန်ဖြစ်သော။ ရဟန်းသံဃာတို့ကို။ တရားနှင့်ညီစွာ။ စောင့်ရှောက်ထောက်ပန့်ခြင်း တည်းဟူသော။ အပရိဟာနိယတရား, ခုနစ်ပါးတို့နှင့် ပြည့်စုံတော်မူထသော။

---

**သပ္ပုရိသဒါန ၈-ပါး။** သုစိံပဏီတကာလေန၊ ကပ္ပိယံ ပါဏာ ဘောဇနံ။ အစရှိသော။ အားဖြင့်လာသော။ ရှစ်ပါးသော။ သပ္ပုရိသဒါနတို့နှင့်။ ပြည့်စုံတော်မူထသော။

www.dhammaransi.com



**မဟာပ္ဗလ မဟာဝိဟ္ဗါရဂမ္ဘ ၉-ပါး။** အငွက်ဦးပုသ်။ မေတ္တာတည်း ဟူသော။ ကိုးပါးသော။ မဟာပ္ဗလ-မဟာဝိဟ္ဗာရဂမ္ဘတို့နှင့်။ ပြည့်စုံတော်မူထသော။

---

**ဝဇိတ အရိယဂန ၁၀-ပါး။** ဓန ဓညာ ပုတ္တ ဒါသ စတုပ္ပဒ သဒ္ဒါဒိ ပဋ္ဌက။ တည်းဟူသော။ ဆယ်ပါးသော ဝဇိတ အရိယဓနတို့နှင့် ပြည့်စုံတော်မူထသော။

---

**အရိယဝိဟာရဂမ္ဘ ၁၁ ပါး။** သဒ္ဓါ ဝိရိယ သတိ သမာဓိ ပညာ ဗုဒ္ဓါနုဿတာဒိဆက္ကတည်းဟူသော။ မြတ်သော တဆယ့်တပါးသော။ အရိယဝိဟာရဂမ္ဘ တို့နှင့်၊ ပြည့်စုံတော်မူထသော။

ဤသို့ ခပ်သိမ်းသော၊ ရန်ယ်အခြင်တို့၏ တည်ရာဖြစ်သော။ ပြာသာဒ်၊ ကဏ္ဏိကာကဲ့သို့။ ရေတွက်ခြင်းငှါ။ မတတ်နိုင်သော။ နက္ခတ်တရာတို့၏။ အရောင်တို့သည်။ လ၏အရောင်၌ဝင်၍၊ တည်သကဲ့သို့။ များစွာသော ကျေးဇူး အပေါင်းတို့၏၊ တည်ရာဖြစ်တော်မူသော။

သိရိနန္ဒဓမ္မရာဇာပဝရာဓိပတိ၊ အမည်တော်ရှိသော။ ဓမ္မိက ဓမ္မရာဇာ။ မင်းတရားမြတ်သည်။ ငါးပါးသော၊ အင်္ဂါနှင့်ပြည့်စုံသော။ မဟာသမုဒ္ဒရာကဲ့သို့။ အနန္တရိယကံ အစရှိသော။ မကောင်းမှုကိုပြုလေ့ရှိကုန်သော။ အကောင် ပုတ်နှင့် တူကုန်သော။ ယုတ်မာသောသူတို့၏။ မရှိသော အဖြစ်။ ။ရွှေငွေစသော၊ ရတနာခုနှစ်ပါးတို့၏ တည်ရာ

www.dhammaransi.com



အဖြစ်။ ။ဇာတိ-ပညာ၊ဂုဏ်ဝုဍ္ဍဖြင့်၊ကြီးမြတ်ကုန်သောသူ။ သီလဝန်၊ ဂုဏဝန်၊ အရိယာ-သဃ်ာ၊ ဟူသော။ ကြီးမြတ်သော သူတို့၏တည့်ရာအဖြစ်။

အပြည်ပြည်သား၊ တရာ့တပါး လူမျိုးအားဖြင့်။ ဗိုလ်များမြင်းဆင်ဖြင့်၊လှည့်သော်လည်း။ ကျနံချော်ပြီဆန် မလွန်အာဏာ၊ ကျိုးနွံရာ၏အဖြစ်။ ဖွေးနည်းလက်ရုံး။ သိမ်းကျုံးပေါင်းရုံ၊ ဗိုလ်တုကုဋေ။ များစွာနေလည်း။ ဆံ့လေသည်သာ၊ ကျယ်ဝန်းစွာသောအဖြစ်။

ဤသို့ငါးပါးသောအင်္ဂါနှင့် ပြည့်စုံစွာသော။ မဟာသမုဒ္ဒရာ၊ ရတနာပူရ-အဝ မည်သော၊ ဤပြည်ကြီး၌။ ခမည်းတော်မြတ်၊ လုထွတ်ရိုက်ရော၊ အာဏာအခုပ်မိုး။ စိုးတော်မူလပ်သော်လျှင်။ စကြာရှေ့တင်။ လေးကျွန်းရှင်၏။ မမြင်နှုံးရာ၊ ဘုန်းတေဇာကြောင့်။ အဝိဇ္ဇာဏာက ဖြစ်သော၊သမုဒ္ဒရာရေသော်လည်း။ တယူဇနာတိုင်အောင်၊ ဖယ်ရှားလင့်၍။ အလိုရှိတိုင်း၊ ရတနာတို့ကို၊ယူရသကဲ့သို့၊ ခပ်သိမ်းသော ရန်မာန်တို့သည်။ ဝေးစွာကြည်ဘဲ၊ ရှိကုန်သည်ဖြစ်၍။ အမျိုးလေးပါးဘို့အား။ မြတ်သော-ချမ်းသာ ရတနာကို၊ ရစေလျက်၊ ဆိုအပ်ပြီးသော၊ တိုင်းကြီး ဆယ်ဘိုင်းတို့၌။ ပြည်များအပေါင်း၊ ထီးဆောင်းမင်းတို့၏။ စိတ်တည်းဟူသော၊ ကုမုဒ္ဒရာကြာမှုံကို။ လရောင်တည်းဟူသော၊ ကရုဏာ-မေတ္တာတော်ဖြင့်။ ပွင့်စေသည်ဖြစ်၍။ လက်ရုံးအာဏာတော် တည်းဟူသော၊ နေရောင်ဖြင့်။ မင်းအပေါင်းတို့၏၊ လက်တည်းဟူသော၊ ကြာပွင့်ကို၊ ရုံစေသည်ဖြစ်၍။

www.dhammaransi.com



**အဘိသိက်ခံသော ၂၁၉၂-၁၀၁၀၊** သာသနာတော်၊ နှစ်ထောင့် တရာ့ ကိုးဆယ်နှစ်နှစ် သက္ကရာဇ်-တထောင်တဆယ်။ တော်သလင်းလပြည့်ကျော်တရက်။ သောကြာနေ့၌။ ဘေးတော်-ဆင်ဖြူများရှင်ကဲ့သို့။ ဒိသာဇယကျေမ်းနှင့်အညီ။ အဘိသိက်ခံခြင်း။ ထီးဖြူဖွင့်ခြင်း။ ဦးကင်းဖွင့်ခြင်း။ သိရိနန္ဒာဓမ္မရာဇာပဝရာဓိပတိ၊ ဟူသော။ အမည်တော်,သမုတ်ခြင်း။ မင်္ဂလာတို့ကိုပြုတော်မူ၏။

တကာလတည်း၌ပင်လျှင်။ ဘုန်းပညာလက္ခဏာနှင့်၊ ပြည့်စုံတော်မူသော၊ မိဖုရားခေါင်အားလည်း။

အတုလမဟာနန္ဒာဒေဝီ၊ ဟူသော။ အမည်တော်ကို သမုတ်၍၊ အဘိသိက်ပေးတော်မူ၏။

ညီတော်အားလည်း။ မင်းရဲသီဟသူ ဟူသော။ အမည်နှင့်တကွ။ ဇိမ်ခံရွာ့အရာကိုနှင်းတော်မူ၏။

ထိုမှတပါး။ မင်းညီ-မင်းသား၊ မင်းဆွေ-မိုးမျိုး။ အမှူး-အမတ်တို့အား။ ထိုက်လျောက်သော။ အမည်,အဆောင်အယောင်၊ ပေးတော်မူ၏။

အမတ်ကြီး လေးယောက်အားလည်း။ စစ်သူကြီးအရာ၊ထားတော်မူ၏။ ကုဋေထောင်သောင်း၊ရဲမက်ပေါင်းတို့အားလည်း။ ဝတ်စားတန်ဆာ။ သပြာ ရွှေ-ငွေ၊ ပေးတော်မူ၏။

ဆရာတော်တို့အားလည်း၊ များစွာသော လှူဘွယ်ဝတ္ထုတို့နှင့်တကွ၊ အမည်တမ်ဆိပ်၊ လှူတော်မူ၏။ ပုဏ္ဏားသူဌေး-သူကြွယ် တို့အားလည်း။ အထိုက်အလျောက်၊ အမည်စား-ကျေးကျွန်ရွာ၊ ပေးတော်မူ၏။

www.dhammaransi.com



ဤသို့လျှင်၊ အလော့င်းတော် ဝေဿန္တရာမင်းကြီး သည်။ ပြည်တော်ဝင်သောအခါ၊ ရတနာမိုးရွာသကဲ့သို၊ အမျိုးလေးပါး၊ ပြည်သူလူရဟန်းတို့အား၊ လေးပါးသော သင်္ဂဟဝတ္ထုတို့ဖြင့်၊ သင်္ဂြိုဟ်တော်မူ၍၊ သိကြားနတ်မင်း ကဲ့သို့၊ ကြီးလှစွာသောမင်းစည်းစိမ်ကို၊ အတုလမဟာနန္ဒ ဒေဝီ အမည်ရှိသော။ မိဖုရားခေါင်နှင့် တကွ၊ စံတော် မူသော။

သိရိနန္ဒဓမ္မရာဇာပဝရာဓိပတိ အမည်တော်ရှိသော။ မင်းထက်-မင်းဖျား၊ မင်းတရားသည်။

အဘိဣဋ္ဌရေထ၊ ကလျာဏံ၊ ပါပံမိဣဋ္ဌံ နိဝါရယေ၊ ဟူ၍၊ မုနိမြတ်စော ဟောသောဂါထာ၊ မှတ်နာတော် မူသောအလျှောက်၊ ကောင်းမှုကုသိုလ်၊ ဖြစ်မည့်အရာ၌၊ ရှည်ကြာမဖင့်၊ မမြင့်လျှင်မြင်၊ ပြုလျှင်အံ့ဟု၊ တနုံ့တနုံ့ ကြံနှံ့ခိုင်၊ လှုပ်ရှားမနိုင်၊ တောင်မဏ္ဍိုင်သို့၊ ကြံတော်မူ၍၊ ရွှေနန်းတော်တက်တော်မူသည်မှစ၍။

---

**ထီးတော်တင်အံ့သော ကိစ္စ။**

ကိုးလတိုင်အောင်၊ ထီးတော်တင်အံ့ သော ကိစ္စကို၊ စီရင်တော်မူ၍။ ဆို အပ်ပြီးသော၊ တိုင်ကြီး-ပြည်ကြီးတို့၌၊ သီလဝန်၊ဂုဏဝန်၊ ပုဂ္ဂိုလ်သံဃာတို့ကို၊ ပင့်တော်မူ၍။ များစွာသော၊ သင်္ဃိက တင် ကျောင်းတို့၌၊ အသီးသီး၊ သတင်းသုံးစေ၍။ ဆွမ်း အဖျော် အစရှိသည်တို့ဖြင့်၊ လုပ်ကျွေးတော်မူ၏။

ထိုထိုသော၊ ကိုင်းကြီး-ပြည်ကြီးတို့၌။ ထီးဆောင်း နန်းနေစသောမင်းတကာအပေါင်းတို့ကို၊အာဏာတော်ဖြင့်

ရွှေစက်တော်အောက်၊ ချရောက်စေ၍။ ရွှေပြည်တော်၏၊ ထက်ဝန်းကျင်သောအရပ်၌။ အသီးသီး၊ တတ်တာချ၍၊ ဆင်မြင်းရဲမက်၊ ဗိုလ်ပါတို့ဖြင့်၊ ပြည့်သိပ်မွမ်းမျှ၊ နေစေရလျက်။ မိဋ္ဌိလာပြည်၌၊ ကောရဗျ မင်းသည်။ တရာ့တယောက်သော၊ မင်းအပေါင်းတို့ဖြင့် ခြံရံ၍၊ စံပယ်တင့်တယ်သကဲ့သို့။

ရတနာပူရ၊ အဝရွှေပြည်ကြီး၌။ မင်းများသခင်၊ ဖြစ်တော်မူသော။ မင်းခေါင်–မဖျား၊ မင်းတရားသည်။ ထိုထိုသော မင်းတို့၏၊ အစဉ်အလိုက်၊ အထူးထူးသော၊ ဝတ်စားတန်ဆာ၊ အထုံးအဖြိတ်၊ အဆောင်အယောင်တို့ဖြင့်၊ ဆင်ယင်ဝတ်စား၊ ဆောင်ယောင် ဟုန်သော၊ မင်းအပေါင်းတို့ဖြင့်၊ ခြံရံလျက်၊ ရွှေနန်းသဘင်၊ စံတော်မူပြီး၍။

---

**ရေကြောင်းသဘင် စီရင်ဟန်။**

သိကြွားနတ်မင်း၊ သမုတ်အပ်သော၊ ရာဇမဏိစူဠာ မဟာစေတီတော်ကို၊ ထီးတော်တင်ချီအံ့သော၌ ရေကြောင်းသဘင်၊ စီရင်တော်မူဟန်ကား။ ရတနာပူရပြည်သား။ ဇေယပူရပြည်သား။ ဤနှစ်ပြည်သားတို့ကို၊ သဘင်ကြီးစွာပြုစေ၍။

ဧရာဝတီမြစ်ကြီးကို၊ များလှစွာသော၊ ရွှေလောင်း၊ ရွှေလှေ၊ ရွှေဖေါင်တို့၏ အရောင်ဖြင့်။ ထိန်ထိန်ဝင်းဝင်း၊ ထွန်းလင်းစေ၍။ များလှစွာသော လှေတို့ဖြင့်၊ မြစ်အားလုံးကို၊ ပြည့်စေပြီးမှ။

www.dhammaransi.com

www.dhammaransi.com



**ကရဝိတ်ငှက်မင်း သဏ္ဍာန် ဖေါင်တော်။** များလှစွာသော၊ တံခါးလေသာ၊ ရုလစ်မွန်ချွန်၊ စနု–မုတ်ဆက်၊ ထုသကာ-မှန်ကင်းတံခွန်ရှိသော။ အညစ်အကြေး၊ ငါးပါးကင်းသော၊ နေမင်း၏အရောင်ကဲ့သို့၊ ရောင်ခြည် မှ ထွန်းပသော၊ ရောင်ခြည်ရှိသော။ ရွှေခြည်ကွန်ရွက်၊ ညောင်ရွက် ဖိုဟွန် မျက်စိ၊ပိတာန်ရှိသော၊ အလွန်ကြီးကျယ်၊သာယာသော၊ ပြာသာဒ်သုံးဆောင်ရှိသော၊ အဝုံသော ကရဝိက်ငှက်မင်း၏၊ အချပ်သဏ္ဍာန်ဖြစ်သော၊ ရတနာဖေါင်တော်ကို၊ လှော်ကား-ရွှေလှေတို့ဖြင့်၊ ခြံရံလျက်၊ ဧကရစ်မင်းတို့၊ရေသဘင်စံရာဖြစ်သော၊ မာန်အောင်သိတ်သို့။ ဆိုက်လတ်သတည်း။

---

**ရတနာရွှေဖေါင်သို့။** ရထေသဘ လူများထွင့်ထား၊ မင်းတရားလည်း၊ ဝေဇယန္တာ၊ နတ်မိမာန်နှင့်တူသော၊ ရွှေနန်းတော်မှ၊ နှစ်ထပ်သော၊ နတ်ပြည့်၌၊ နတ်အပေါင်းတို့ဖြင့်၊ ခြံရံ အပ်သော၊ သိကြားနတ်မင်းကဲ့သို့၊ များစွာသော ဆင်းမြင်းဗိုလ်ပါ၊စစ်အင်္ဂါလေးပါးတို့ဖြင့်၊ ခြံရံသည်ဖြစ်၍၊ မိဖုရားရတနာ၊ ရှစ်သောင်းချာနှင့်တကွ၊ ရတနာတို့ဖြင့်ပြီးသော၊ ပြာသာဒ်ဝေါတော်ဖြင့်၊ ထွက်တော်မူ၍။

ကြီးလှစွာသော၊ မင်း၏တင့်တယ်၊ စံပယ်ခြင်းဖြင့်၊ ရတနာရွှေဖေါင်သို့၊ တက်တော်မူ၍။

မင်းသား၊မင်းမြေး။ မင်းဆွေ-မင်းမျိုး၊ မှူးကြီး၊ မတ်ရာတို့ဖြင့်ရင်း။ မင်းသမီး၊ မင်းမြေး၊ ကတော်-စိုးမင်းတို့ဖြင့်ရင်း၊ ခြံရံလျက်။ ✱ သီဟာသန-ရာဇ-ရဟာ။

www.dhammaransi.com



မင်းနေရာ၌၊ ဒေဝီအလွတ်၊ ရှစ်သောင်း နတ်နှင့်တကွ။ ဖေါင်တော်ဥကင်၊ ရွက်ရှင်ဖွင့်၍၊ ဘုံမြင့်စံတော်၊မူသရော်တည်း။

---

**ပဉ္စင်္ဂတူရိယာ။** အာတတဉ္စေဝ ဝိတတံ၊ အစရှိသော အားဖြင့်၊လာသော၊ပဉ္စင်္ဂတူရိယာတို့ကို သမုဒ္ဒရာအဌမ်း၌ဖြစ်သော၊ အသံကဲ့သို့။ မြစ်လုံးကျွေးရှင်။ ကောင်းကင်ထိပ်လျှိုက်၊ တော်သံမြိုက်မှု၊တီးမှုတ်ကြ၍။

ရွှေဖြင့်ပြီးသော၊ ဥပေါင်း—ခါးစည်း။ လည်ဝတ်တန်ဆာတို့ဖြင့်၊ ဆင်ကျုန်သော။ လှော်ကားသားတို့သည်။ ရွှေတက်တို့ဖြင့်၊ ခွင်းရေ-တက်မြှောက်၊ လှော်ကုန်လျက်။ များစွာသော၊ ရွှေလောင်း၊ ရွှေလှေတို့ဖြင့်။ ဖေါင်တော်ကို ခြံရံ၍။ ဆောင်ကုန်၏။

---

**မိမ္မလှော်ကား။** လှေလှော်ခြင်း၌၊လိမ္မာကြွင်လည်ကုန်သော မိမ္မလှော်ကားတို့သည်လည်း။ မင်းမိဖုရားတို့၊ အဆောင်အဖြစ်ဖြင့်၊ အထွေထွေသော လှော်ခြင်းတို့ကို၊ လှော်ကုန်၏။ ဤသို့သော၊ ရေကြောင်းသဘင်။ စံရှင်တော်မူပြီး၍။ ဇေယျပူရပြည်ဆိပ်၌၊ ဖေါင်တော်စကြာ၊ ဆိုက်လတ်ပြီး၍။

---

**ကြည်းကြောင်းသဘင် စိရင်ဟန်ကား။** ကြည်းကြောင်းသဘင်၊ စီရင်ဟန်ကား။ အာသောကရာဇာ။ မဟာဓမ္မရာဇ်မင်းသည်။ များစွာသော။

www.dhammaransi.com



စစ်အင်္ဂါ၊ မိုလ်ပါတို့နှင့်တကွ။ * မဟာဗောဓိကို။ ပူဇော် အံ့သောငှါ။ ခုနစ်ယူဇနာသော ခရီးကို။ မိုလ်ထုတို့ဖြင့်၊ ပြည့်စေလျက် သွားတော်မူသကဲ့သို့။

ရွှေကြိုး-ငွေကြိုး၊ ရွှေက-ငွေက၊ ရွှေတန်ခွန်-ငွေ တန်ခွန်။ ရွှေခွယ်-ရွှေမှတ်တို့ဖြင့်၊ တန်ဆာ ဆင်ယင်အပ် ကုန်သော။ ကောင်းမြတ်သော၊ ကြိုးလက္ခဏာနှင့်၊ ပြည့်စုံ ကုန်သော။ များစွာသောဆင်တို့၌၊ အထူးထူးသော၊ မိန်ညို ကြိုးသေးချပ်-တန်ဆာ၊ ဗာလည်ခွေအောင်။ မွေယရင့်၊ ရွှေခိပ်-ရွှေကုန်းတို့ဖြင့်၊ ဆင်ယင်ကုန်သော။

လှံမ-ချွန်းတောင်း၊ အဲမောင်း သံလျက်၊ လက်နက် စွဲကုန်သော၊ ဆင်အမှူး၌၊ ကျင်လည်လေ့ကျွမ်း၊ ရဲစွမ်း သတ္တိရှိကုန်သော၊ ဆင်သည်ရိုးအမတ်တို့သည်၊ စီးကုန် လျက်၊ ခြံရံကုန်၏။

---

**ဆင်တပ် အခြံအရံ။** ထိုမှတပါး။ ပတ္တမြားတို့ဖြင့်၊ စီမွမ်းအပ်သော၊ ရွှေကြိုး၊ ပယင်းကြိုး၊ အောင်ဖွား၊ နားဆွဲ၊ လည်ရွဲစည်မောင်း၊ ပတ္တမြားဖြင့်ပြီးသော ဥရန်၊ ရွှေခွယ် အစရှိသော။ ရတနာ-တန်ဆာတို့ဖြင့်၊ ဆင်အပ်ကုန်သော။ ကေရာဇာမင်းတို့၊ ခြေတော်တင်ထိုက်သော၊ ငါးပါးသော အင်္ဂါ သုံးရာ့တဆယ့် ငါးပါးသော၊ လက္ခဏာမြတ် တို့နှင့်၊ ပြည့်စုံသော။ ဆင်မြတ်တို့ကိုလည်း။ တစီးတစီး၌ များစွာသော၊ ရွှေလွှား-ရွှေကာ၊ ရွှေလေး-ရွှေလှံ၊ အစ ရှိသော၊ အထူးထူးသော၊ လက်နက်တို့ဖြင့်၊ ရံဝန်းလျက်၊ ခြံရံစေ၏။

www.dhammaransi.com



**မြင်းတပ် အခြံအရံ။** ထိုမှတပါး၊ ရွှေကြိုး-ရွှေကာ၊ ငွေကြိုး-ငွေကာ၊ သန္တာအဆင်းနှင့်တူသော၊ ကြိုးကာ။ မြအဆင်းနှင့်တူသော၊ ကြိုးကာ။ တန်ဆာတို့ဖြင့်၊ တန်ဆာဆင်အပ်ကုန်သော။ စာမရီသား၏သဏ္ဌာန်ကဲ့သို့။ ရွှေမှတ်အောင်မှတ်တို့ဖြင့်။ တင့်တယ်ကုန်သော၊ ကုဋေ-ထောင်သောင်းသော၊ မြင်းအပေါင်းတို့၌၊ စီးကုန်သော။ စီးထုံးနှင့်နည်းတို့၌၊ ကျင်လည်ကုန်သော၊ မြင်းစီးသူရဲတို့သည်။ ရွှေချပ်လေးနှီး ဝတ်ကုန်လျက်။ ရွှေမောက်ရှု၊ ရွှေမောက်တို့၌။ အသူးထူးသော၊ ရွှေပန်ဝရ၊ ပယစ်မြီးယရင့်၊ ဆင်ကုန်လျက်၊ ဒိမ့်ထားသံလျက်၊ လေး-လှံ၊ စွဲကုန်သည်ဖြစ်၍။ ရံကုန်၏။

---

**ခြေသည်သူရဲ။** ထိုမှတပါး။ ဝသာဝလာ၊ နတ်မင်းကြီး၏။ စစ်သည်တို့နှင့်တူကုန်သော၊ ရွှေဖြင့်ပြီးသော ဝတ်စားတန်ဆာတို့ဖြင့်၊ တန်ဆာဆင်အပ်ကုန်သော။ ရွှေဖြင့်ပြီးသော။ အသူးထူးသော၊ လက်နက်တို့ကို၊ စွဲကုန်သော။ အလွန်များကုန်သော၊ ခြေသည်သူရဲ။

ဝေရုဠ္ဌ-နတ်မင်းကြီး၏၊ စစ်သည်တို့နှင့် တူကုန်သော၊ ငွေဖြင့်ပြီးသော၊ တန်ဆာတို့ဖြင့်၊ တန်ဆာဆင်အပ်ကုန်သော၊ ငွေဖြင့်ပြီးသော၊ အသူးထူးသော၊ လက်နက်တို့ကို၊ စွဲကုန်သော၊ အလွန်များကုန်သော၊ ခြေသည်သူရဲ။

ဝိရူဠ္ဍ—နတ်မင်းကြီး၏၊ စစ်သည်အင်္ဂါနှင့် တူကုန်သော။ ပတ္တမြားညို၊ အဆင်းနှင့် တူကုန်သော။ အဆင်းရှိသော၊ တန်ဆာတို့ဖြင့်၊ တန်ဆာ ဆင်အပ်ကုန်သော။

www.dhammaransi.com



ညိုသော အဆင်းရှိသော၊ အထူးထူးသော လက်နက်တို့ကို၊ စွဲကုန်သော၊ အလွန်များကုန်သော၊ ခြေသည်သူရဲ။

ဝိရူပက္ခ—နတ်မင်းကြီး၏၊ စစ်သည်တို့နှင့် တူကုန်သော၊ သန္တာကဲ့သို့၊ နီသောအဆင်းရှိကုန်သော၊ တန်ဆာတို့ဖြင့်၊ တန်ဆာ ဆင်အပ်ကုန်သော၊ နီသော အဆင်းရှိသော၊ အထူးထူးသော၊ လက်နက်တို့ကို၊ စွဲကုန်သော။ ခြေသည်သူရဲ။

ဤသို့မရေမတွက်နိုင်သော၊ ခြေသည်သူရဲတို့သည်။ မောင်းချင်း၊ ပခုံးချင်း၊ ထိကြသည်ဖြစ်၍၊ ခြံရံကုန်၏။

ထိုမှတပါး၊ များမြောင်သော၊ အဘိုးထိုက်သော၊ ဝတ်စား တန်ဆာတို့ဖြင့်၊ နတ်လုလင်ကဲ့သို့၊ ဆင်ယင်ဝတ်စားကုန်သော၊မင်းသား-မင်းမြေး၊မင်းဆွေ-မင်းမျိုး၊ အမှူး-အမတ်၊ မှူးသား-မတ်သားတို့သည်လည်း။ ခြံရံကုန်၏။

ထိုမှတပါး၊ မြတ်သော အကျင့်သီလနှင့်၊ ပြည့်စုံကုန်သော၊ များစွာသော၊ ပုဏ္ဏား-သူဌေးတို့သည်လည်း။ အောင်ဟိတ် မင်္ဂလာစကားတို့ကို၊ ဆက်ကုန်လျက်။ ထက်ဝန်းကျင်၊ ရံကုန်၏။

ဤသို့ ဆိုအပ်ပြီးသော၊ ပရိတ်သတ်၊ ရဲမက်တော်တို့ကား။ ရွှေမြို့တော်မှသည်၊ အတာသုံးထောင်၊ အစွန့်ရှိသော၊ သဘင်နန်းတော်တိုင်အောင်၊ ရင်ထပ် ပြည့်ကုန်သည်ဖြစ်၍။

သဘင်တော်ကိုကြည့်သော၊အမျိုးလေးပါးတို့ကား၊ လက်ဝဲ-လက်ယာ၊ ခရီးနှစ်ကြောင်းဖြင့်၊ သွားရကုန်၏။

www.dhammaransi.com



မင်းများထွင့်ထား၊ မင်းတရားလည်း၊ ဖေါင်တော်စကြာ ရတနာမှ သိကြားနတ်မင်း ဖန်ဆင်းအပ်သော၊ ပြာသာဒ် ပျံနှင့်တူသော၊ ဝေါတော် ပြာသာဒ်ဖြင့်၊ ရှစ်သောင်း အဖျား၊ မိဖုရားနတ်နှင့်တကွလျှင်။

❋ အာလမ္ဗရ မုဒိင်တို့၊ စသည့် ငါးအင်၊ ပဥ္စင် တူရိယာ၊ သံစဉ်ရိုက်ချီး၊ တီးမှုတ်သောအသံ၊ ဆင်သံ၊ မြင်းသံ၊ အစရှိသော၊ အသံတို့ဖြင့်၊ မြေမိုးကောင်းကင် တို့ကို။ ခြောက်ခြားစေလျက်၊ ပြာသာဒ် ယာဉ်သာ။ ရတနာလျှံပြောင်၊ ဝေါတော်ရောင်၊ ရဲမက်တော်တို့၊ စတ်စားတန်ဆာရောင်တို့ဖြင့်၊ အလုံးစုံသော၊ ကုန်းကျည်း တောတောင်တို့ကို။ ရွှေရည်ဖြင့်၊ လိမ်းကျံဘိသကဲ့သို့။ ထွန်းလင်းစေလျက်၊ ရွှေစက်ချီတော်၊ မူလတ်သော်လျှင်။

နောက်တော်မှလည်း၊ဆိုအပ်ပြီးသော၊ပြည်ကြီးရှင် မင်းတို့။ ရင်တွင်းသွီးတို့သည်။ အထူးထူးသော၊ အဆောင် အယောင်တို့ကို။ ဆောင်ယောင် ကုန်လျက်။ အထူးထူး သော၊ ယာဉ်တို့ဖြင့်၊ လိုက်ကြကုန်၏။

ညီတော် ဒိမ်ရှေ့မင်းသည်လည်း။ စကြာမင်း၏။ သားကြီးရတနာကဲ့သို့။ဒိမ်ရှေ့မင်း၏၊အဆောင်အယောင် နှင့်။ ရှေ့ချီနှင့်၍။ ပရိတ်သတ် ဗိုလ်ပါတို့ကို၊ စောင်မ စီရင်၏။ မင်းညီ-မင်းသား၊ ထီးဆောင်းနန်းနေစသော။ အမှူး-အမတ်တို့သည်လည်း။ အထူးထူးသော၊ အဆောင် အဆောင်အယောင်တို့ကို၊ ဆောင်ယောင် ကျင်းပကုန် လျက်၊ နောက်တော်၌ လိုက်ကုန်၏။

ဤသို့လျှင်တည်း၊ လေးကျွန်းသခင်၊ စကြာရှင်သို့၊ ကြီးစွာသော မင်း၏တင့်တယ်ခြင်းဖြင့်၊ ချီတော်မူ၍။

www.dhammaransi.com



နတ်မိမာန်ကဲ့သို့သော၊ သဘင်နန်းတော်၌၊ စခန်းချတော်၊ မူပြီးသော်လျှင်၊ ဇာမိခရွေ့မင်း အစရှိသော။ မင်းတကာအပေါင်းတို့ကို မြေပြင်ပြည့်မျှ တပ်ဘာချလျက် နေစေ၏။

ထိုထိုသော မင်းတို့၏ အရပ်အလိုက်၊ အထွေထွေသော၊ သီချင်း၊ ကခြင်းသဘင်တို့ကို၊ ပြုစေပြီး၍။

---

**ထီးတော်တင်အံ့သော သဘင်။** ထီးတော် တင်အံ့သော သဘင်ကို၊ သမုတိနတ်၊ လူ့ထွတ် လူမျှား။ လူမျှားသနင်း၊ မင်းလိုက်သဘင်၊ စီရင်ထွေကား၊ မရေမတွက်နိုင်၊ အဆိုင်ဆိုင်သော၊ လက်ပွေ့လက်ပန်း၊ ကျွမ်းပန်တယား၊ ကိုင်တက်-ထားမျိုစသော၊ များစွာသော၊ သဘင်တို့ကိုလည်းပြုစေ၏။

ထိုမှတပါး၊ အသောက မင်းကြီးသည်၊ ကိန္နရေတို့၏။ ကခြင်း–သီခြင်းတို့ကို၊ ကြည့်ရှုနာတော် မူလိုသည်ဖြစ်၍။

ဟိမဝန္တာသို့၊ လက်စွပ်တော်ကို၊ လွှတ်လိုက်သော်လျှင်။ မင်း၏အာဏာတော်ကြောင့်၊ လာ၍ ကလာကုန်သော။ ပက္ခိကိန္နရေတို့၏၊ အရပ်သဏ္ဌာန်၊ လည်ရွှေအတိပြီးသော။ အမြီးအတောင်၊ ဘယက်တန်ဆာတို့ဖြင့်၊ ဆင်ယင်၍၊ ကစေ၏။

ဒုမကိန္နရေစန္ဒာ။ ကိန္နရေတို့၏အဟန်၊ လည်ရွှေဖြင့်ပြီးသော၊ ဘယက်လည်မှာ၊ နွါဒရာခါးကြိုး၊ ချူမျိုးရှစ်ဆိုင်းသင်တိုင်း-နားငွေ့ါင်း၊ အစရှိသော၊ အဝတ်တန်ဆာတို့ဖြင့်။

www.dhammaransi.com



ကင့်တယ်စွာဆင်၍၊ ဟိမဝန္တာတောင်မှ၊ ပျံကျလာသော အရောင်၊ လွန်တင်ထက်၌ ကစေ၏။

ဤသို့အစရှိသောအားဖြင့်၊ ကြီးစွာသောသဘင်ကို၊ စီရင်တော်မူ၍။

---

**ထီးတော်တင်အံ့သောငှါ မင်းထွက်သဘင်။**

ထီးတော်တင်အံ့သောငှါ၊ မင်းထွက်သဘင်၊ စီရင်တော် မူဟန်ကား။ ရထား လှည်း၊ ဘီး-အကွပ်-အကန့်၊ ပုံတောင်ချက်၊ ရထား ထံဘိုး၊ ကြိုးနှင်တန်တို့ကို၊ ရွှေစည် ရေလျှပ်၊ မွမ်းမျှထည့်ပြီး၊ ယိုစီးထွေဘွယ်၊ လျှပ်နယ် မယွန်၊ တိန်ပန်းပမာ၊ ရတနာရွှေပြာသသာဒ်၊ ရထားမြတ်၌။ နဝရတ်တို့ဖြင့်၊ စီမွမ်းအပ်သော၊ ကြိုးကတန်းဆာတို့ဖြင့်။ တန်းဆာဆင်အပ်သော၊ မြတ်မျိုးဇာတိ၊ သတိခိုင်ကြည်၊ အသဇာနိမြင်းတို့ကို၊ ကစေပြီး၍၊ အမျိုးအရိုး။ ကြန် လက္ခဏာနှင့်။ ပြည့်စုံသောအမတ်ကို၊ ဉပေါင်းသင်းကျပ်၊ စလွယ် (ဆင်ဝတ်) လျက်။ မာတလိ နတ်သားကဲ့သို့။ ရထားဦး၌စီးစေ၏။ နဝရတ်တို့ဖြင့် ဆန်းကြယ်သော၊ ဇမ္ဗူရာဇ်ရွှေစင်အချက်ရှိသော၊ ရွှေချုံညောင်ရွက်၊ ဆွဲရှက် လျှပ်လျှပ်၊ ကြာချပ်မယွင်း၊ လေးစင်းဖြူညွန့်၊ ရောင်နေ ဟန့်မှ၊ မြူကွန့်တိမ်ဆိုက်၊ ရွှေလံစိုက်ပြီး၊ ထွတ်ဘုန်း ပြီးကား။

ခဂ္ဂေါစ—ဆတ္တမုဏှိသံ၊ ပါဒုကာ—ဝါဠဗီဇနီဟု၊ ကျမ်းမှိရာဇ၊ ကကုဓဘဏ္ဍာ၊ မင်းမြောက် တန်းဆာ။ ဆောင်တော်မူ၍။ ရှစ်သောင်းထွင့်ချာ။ ဒေဝိရတနာ။

www.dhammaransi.com



မေဃ္ဃာသည်းခြင်း၊ သမီးတော်ရင်း မြတ်စိုးမင်းနှင့်တကွ၊ ရထား-စကြာ၊ ရတနာဖြင့်၊ စံနေတော်၊ မူသရော်တည်း။

မြတ်မသာအဆင်းအရေ၊ လက္ခဏာတို့ဖြင့်၊ ပြည့်စုံသော၊ ရှစ်ယောက်သော၊ မင်းသမီးတို့ကိုလည်း။ ရတနာယမား၊ ရတနာ-သားမြီးယပ်၊ ရတနာ-ဥဒေါင်းမြီးယပ်၊ ကိုင်စေ၍၊ ရထားထက်ဝန်းကျင်၌၊ ရံလျက်ခစားစေ၏။

---

**မယ်တော်မိဖုရား ဖူးမြင်တော်မူခြင်း။**

ထိုရေ့အခါ၊ မယ်တော်မိဖုရားသည်လည်း၊ သိရိမဟာ-မာယာမိဖုရား၊ လုမ္ဗိနီဥယာဉ်သို့၊ သွားတော် မူသကဲ့သို့။ ထီးဖြူမျှောက်စည်၊ အစရှိသော။ မင်းခမ်း-မင်းနား၊ ကျင့်ဆောင်လျက်၊ ရတနာဝေါတော်ဖြင့်၊ များစွာသော၊ အခြံအရံနှင့်တကွ၊ စေတီတော်သို့၊ ဖူးမြင်တော်မူ၏။

ညီတော် အိမ်ရှေ့မင်းကစ၍၊ အပြည်ပြည့်ဘောင်၊ များမြောင်မင်းပေါင်း၊သိန်းသောင်းသန်းဂျ၊ မရေသာသော မတ်ရာဆော်ကြွပ်၊ အထပ်ထပ်တိ၊ ရင်အပ်ဟိလျက်။ ခြံရံကုန်၏။

မင်းများပရမေ၊ သိကြားသွေ့လည်း။ ထိန်ဝေကောင်းကင်၊ ပဋ္ဌင်နန်ခြင်း၊ ကျူးလပ်လျှင်သော်၊ ညင်ညင်လက်လှ၊ ကွန့်ကပျံသွား၊ မြတ်ရထား၌၊ စံပါယ်တော်မူလျက်၊ ရထားတော်ကို၊ စေတီတော်၏အရှေ့၊ မနီး-မဝေးသော အရပ်၌၊ ဆိုက်စေ၍။ မိဖုရားခေါင်၊ သမီးတော်နှင့်တကွ၊ ရင်ပြင်တော်သို့၊ တက်တော်မူ၍၊ အထူးထူးသော၊ ရတနာဖြင့် ပြီးသော၊ ပူဇော်ဘွယ် ဝတ္ထုတို့ဖြင့်၊ ပူဇော်တော်မူ၍။

www.dhammaransi.com



**သကြားနတ်မင်းကဲ့သို့ ဖူးမြင်တော်မူခြင်း။**

နှစ်ထပ်သောနတ်ပြည်၌၊ နတ်အပေါင်းတို့ဖြင့်၊ ခြံရံသည်ဖြစ်၍၊ နှစ်ကုဋေငါးသန်းသော၊ နတ်သမီးတို့နှင့် တကွ၊ သကြားနတ်မင်းသည်။ ✱ ရူဠာမဏိ–စေတီတော်ကို။ ပူဇော်ပြီး၍။ သုဓမ္မာနတ်သဘင်၌၊ စည်းဝေးသကဲ့သို့။ အပြည်ထောင်သား၊ မင်းမိဖုရား၊ မင်းသမီး။ မင်းမြေး။ မင်းဆွေ–မိုးမျိုးတို့ဖြင့်၊ ခြံရံလျက်၊ သုဓမ္မာနတ်သဘင်ကဲ့သို့သော။ အလွန်ကြီးကျယ် သာယာသော။ ရွှေဇရပ်အသယ်၌၊ နေတော်မူ၏။

ညီတော် ဒွိမ်ရှေ့မင်း စသော၊ ဆိုအပ်ပြီးသော၊ မင်းတကာအပေါင်းဘို့သည်၊ ခြံရံလျက် ခစားကုန်၏။ ဆင်မြင်းရထား၊ ခြေသည်–စစ်အင်္ဂါ လေးပါးတို့ကား။ မဟာရံ–တံတိုင်းပြင်မှ အထပ်များစွာ၊ မြေပြင် ပြည့်မျှရံကုန်၏။

ဤသို့ဆိုအပ်ပြီးသော၊ အလွန်ကြီးစွာသော၊ သဘင်တို့ကို၊ စီရင်တော်မူ၍။

---

**ထီးတော်တင်သော သက္ကရာဇ်–၂၁၉၃–၁၀၁၁။**

သာသနာတော်၊ နှစ်ပေါင်းတရာ့ကိုးဆယ် သုံးနှစ်။ သက္ကရာဇ်–တထောင် တဆယ့်တခု၊ ကဆုန်လဆန်းရှစ်ရက်၊ တနင်္ဂနွေနေ့–မိဿလက်၊ မေရုံစန်း၊ မိဿ၌၊ တနင်္ဂနွေ–ပိတဟူး။ပြိဿ၌၊ သောကြာ၊ ရာဟု။ စနေ၊ သိမ်၌၊ အင်္ဂါ၊ ဟုမ်မှာ၊ ကြာသပတေး။ ဤသို့ကောင်းမြတ်သော အခါတော်၌။

www.dhammaransi.com



**ထီးတော်အလေးချိန် ၃၃၄၀-ဗိဿာ။** အချိန် သုံးထောင်လေးရာ လေးဆယ်ရှိသော၊ ရောင်လျှံအထွင့်၊ ငါးဆင့်မြောက် ရှိသော။ ✱ အခြင်းသံ-ဆယ်တောင်။ အမြင့်သံ-လေးတောင်ခြောက်သစ်၊ အချက်သံ-ခြောက်တောင်နှစ်သစ်၊ ရှိသော။ နဝရပ်တို့ဖြင့်၊ စီ(မွမ်)အပ်သော။

✱ ကနက္ကဒလာ်၊ ရတနာရွှေထီးကို၊ တင်တော်မူ၏။ ထိုခဏ၌၊ သကြြားနတ်မင်း၏၊ ခြောက်သောင်း ရှစ်ထောင်သော။ ပဥ္စင်္ဂတူရိယာတို့ကဲ့သို့။ အလွန်များလှစွာသော၊ အာရမ္မရ-မုဒိင်စသော၊ တူရိယာ-ဘဏ္ဍာတို့ကို၊ မိုးမြေကောင်းကင်၊ ထိန့်ရိုက်မျှ တီးမှုတ်လျှက်၊ ;အသံတို့ဖြင့်၊ ပူဇော်တော်မူ၏။

ထိုသို့ ထီးတော်တင်ပြီးသော်၊ ဆရာတော်တို့မှစသော၊ ရွှေမြို့တော်ထက်ဝန်းကျင်၊သိတင်းသုံးသော၊ သံဃာတော်အပေါင်း၊နိုင်ငံတော်-အကိုင်းကိုင်း၊ အပြည်ပြည်တို့မှ၊ လာရောက်သော၊ သဃာတော် အပေါင်းတို့အား၊ တိစီဝရိတ်သက်နှုး၊အစရှိသော။ပရိက္ခရာရှစ်ပါး။ကော်ဇောကမ္ဗလာ၊ သကလပ်နေရာ။ ဗိတ်ရမ္မတ်ခါသာ ပုရိစော၊ တတ်သဟန်း၊ သာလုဖျင်အခုပ်၊ လဖက်ချောင်၊ ဆွမ်းအဖျော်အစရှိသော။ မရေမတွက်နိုင်သော၊ အလှူတို့ကို၊ ရေအယဥ်ကဲ့သို့၊ ခုနှစ်ရက် ပတ်လုံး။ လှူတော်မူ၏။

---

**နံ့သာရေ။** စေတီတော်၏၊ မဟာရံပြင်-လေးမျက်နှာတို့၌။ တဆောင်း-နှစ်ဆောင်စီ ဆောက်၍၊ ကြီးစွာသော၊နံ့သာကျောက်တို့၌၊ များသော အချွေ-အရွေတို့ဖြင့်၊

www.dhammaransi.com



ခြံရံသော၊ အမတ်ကတော်တို့ကို သွေးစေ၍။ များစွာသော နံ့သာရေတို့ကို၊ ကြည်လှစွာသော၊ ကျောက်အိုးတို့၌၊ ထည့်စေ၍။ စေတီတော်သို့၊ ဖူးရောက်လာသော၊ လူတကာတို့ကို၊ လိမ်းစေ၏။ များစွာသော အလှူဝတ္ထုတို့ကိုလည်း။ တံခါးလေးမျက်နှာ၌၊ ဝန်ခန့်၍၊ လှူစေ၏။

ကောင်းမှု၌၊ ဝန်ပြု၍ စီရင်သော၊ အမတ်တို့မှစ၍။ ဆောင်ဘန်သောသူ၊ ပိသုကာ-ပရန်၊ လက်သမား၊ အစရှိသော၊ အထူးထူးသော၊ အလုပ်သည် တို့အားလည်း။ အသိုက်အလျောက်၊ အမည်,အဆောင်အယောင်၊ ရွှေကျပ် လဖက်အိုး၊ ကျေးရွာ။ ဆင်ကြီး-မြင်းကြီး၊ ရွှေ-ငွေ-ကျေး စပါး၊ ဝတ်လုံ-ပုဆိုး၊ အစရှိသော၊ များစွာသော ဆုလပ် တို့ကို၊ ပေးတော်မူ၏၊

---

**သပရိဝါရ မြတ်စာဂ။** ဤသို့လျှင်၊ သိရိနန္ဒ-ဓမ္မရာဇာ-ပဝရာဓိပတိ ရာဇာဓိ,ကား။ လောကီအထွတ်၊ စက္ကဝတ် ဟု။ ကြီးမြတ်လှစွာ၊မင်းချမ်းသာကို၊ မဟာ သိရိ၊ ဒေဝီကတော်၊ သမီးတော်နှင့်။ ဂုဏ္ဍောပမ၊ စံပြီးမှ တည်း။ စက္ကဓမ္မာ၊ ရတနာ၏ ဖြစ်ကြောင်း လက္ခဏာ စက်ဝိုင်းကြာကို၊ ရဋ္ဌာမှန်လှ၊ လှူဒါနကား၊ သပရိဝါရ၊ မြတ်စာဂဟု၊ မချစိုက်ပိုက်၊ စိတ်တော်ပိုက်၍။ မကိုဋ် မဟာရာဇ။ မဏိစူဠာ။ မည်သာခေါ်ညီ။ မြတ်စေတီအား။

---

**ဆီမီးဝတ် သင်ပုတ်ငတ် လှူခသာ နယ်နိမိတ်။** ငါးထောင် သာသနာ။ တည်စိမ့် သော၄ါ။ ဆီမီးဝတ်-သင်ပုတ်ဝတ်။ လှူတော်မူသော။ ညောင်ရင်းရွာ၏မြေကား။ ညောင်ရင်း

www.dhammaransi.com



ရွာ၏—အရှေ့ကား၊ **စစ်ပင်ကြီး** (အရှေ့)မှူးတိမ် လှည်း ကြောင်းကူးလျှင်တည်း။

**ယင်းတောင်ကား။** မှူးတိမ်ဝလျှင်၊ ရွာ၏၊ အရှေ့တောင် ထောင့်၊ မြေခြားတည်း။

**ယင်းအနောက်ကား။** ဧရာဝတီမြစ်တည်း။

**ယင်းမြောက်ကား။** ထောက်ရှာပင်ရင်း၌၊ ကျောက်တိုင် စိုက်၏။ ယင်းအနောက်ကား၊ သနပ်ပင်ရင်း၌၊ ကျောက် တိုင်စိုက်၏။ ယင်း၏အနောက်ကား၊ညောင်ကြွတ်ပင်ရင်း၌၊ ကျောက်တိုင်စိုက်၏။ ယင်းအနောက်ကား၊ ကျည်းပင် ရင်း၌၊ ကျောက်တိုင်စိုက်၏။

**ယင်းတောင်ကား။** ထိန်ပင်ရင်း၌၊ ကျောက်တိုင် စိုက်၏။ ယင်းထိန်ပင်နှင့်၊ ကျောက်တိုင်လျှင် ရွာ၏၊ အနောက်တောင်ထောင့်မြေခြားတည်း။

**ယင်းအနောက်မြောက်။** စောင်းကား၊ တက်တူနတ်၊ ကုက္ကို ပင်ရင်း၌၊ကျောက်တိုင်စိုက်၏။ယင်း မြောက်ကား။ ကျောက်ပုံလက်ပန်ပင်ရင်း၌၊ ကျောက်တိုင် စိုက်၏။ ယင်းမြောက်ကား၊ ပင်းတဲရွာတည်း။ ယင်း မြောက်ကား။ ပြည်ညောင်ပင်ရင်း၌၊ ကျောက်တိုင်စိုက်၏။ ယင်းပြည်ညောင်ပင်နှင့်၊ ကျောက်တိုင်လျှင်၊ ညောင်ရင်း ရွာ၏၊ အနောက်မြောက်ထောင့် မြေခြားတည်း။

**အရှေ့မြောက်။** ယင်းအရှေ့ကား၊ ရေဝင်ကျုန်းဝယ်၊တမာ ပင်ရင်း၌၊ ကျောက်တိုင်စိုက်၏။ ယင်း အရှေ့ကား၊ ကုက္ကိုပင်ရင်း၌၊ ကျောက်တိုင် စိုက်၏။ ယင်းအရှေ့ကား။ မျောက်ဆိတ်ပင်ရင်း၌၊ ကျောက်တိုင်

www.dhammaransi.com



စိုက်၏။ ယင်းအရှေ့ကား၊ ထနောင်းပင်ရင်း၌၊ ကျောက်တိုင်စိုက်၏။ ယင်းထနောင်းပင်နှင့် ကျောက်တိုင်လျှင်၊ ရွာ၏၊ အရှေ့မြောက်ထောင့် မြေခြားတည်း။

**အရှေ့တောင်။** ယင်းတောင်ကား၊ သပေါက်ထန်းတော၌၊ ကျောက်တိုင်စိုက်၏။ ယင်းတောင်ကား။ တံတားဦး-မင်္ဂလာစေတီမြေခြား၌။ ကျောက်တိုင်စိုက်၏။ ယင်းအရှေ့တောင်ထောင့်ကား။ဗောဓိပင်ရင်း၌၊ကျောက်တိုင်စိုက်၏။ ယင်းအရှေ့ရှူးရှူးကား၊ ပေါက်ပင်ရင်း၌၊ ကျောက်တိုင်စိုက်၏။

ယင်းအရှေ့တောင်ထောင့်ကား။ တဟာတ်ပင်ကြီးရင်း၌၊ ကျောက်တိုင်စိုက်၏။ ယင်းအရှေ့တောင်ထောင့်ကား။ မင်းရွာဘုရားတည်း။ ယင်းအရှေ့တောင်ထောင့်ကား။ ပဋ္ဌမနယ်နိမိတ်ရင်း။ စစ်ပင်ကြီး၊ အရှေ့ မုတိမ်လှည်းကြောင်းကူးလျှင်တည်း။

---

**မြေ၏အဝန်းတာ ပေါင်း-၃၀၀၀။** ယင်းနယ်နိမိတ် နှစ်ဆယ်ခန့်သော၊ မြေ၏အဝန်းကို၊ ကောက်လိုက်-စဉ်လိုက်၊ တာသော၊အတာပေါင်းကား။ သုံးထောင်လျှင်တည်း။

---

**လှူပြီးမြေတည်ပစေ။** ယင်းနယ်နိမိတ်အတွင်း၌၊ သာထွန်ဦးဘုရားမြေ၊မူရင်းသုံးပယ်။ဂူဟဲကျောင်းဘုရားမြေ၊ လေးပယ်တစိတ်။

ကိုဝ်ကြီးဘုရားမြေ။ သုံးပယ်တစိတ်။ ပုဂံရွှေစည်းခုံဘုရား။ မြေတစိတ်။ မဟာစေတီမြေ၊ ကိုးပယ်နှစ်စိတ်။

www.dhammaransi.com



ကန်တော် မင်းကျောင်း၊ မြေတပယ်-နှစ်စိတ်။ ရွှေစောလူး၊ မြေသုံးပယ်-နှစ်စိတ်။ သာထွန်ဦးဘုရား၊ မြေတပယ်-နှစ်စိတ်။ ပေါင်းလောင်းရှင်ဘုရား၊ မြေတစိတ်။ တောကျောင်း၊ မြေတပယ်-နှစ်စိတ်။ မြောင်ဆုမ်ကျောင်း၊ မြေလေးပယ်။ ကန်တော်မင်းကျောင်း၊ မျိုးခင်းဆယ်ပယ်။ မြောင်ဆုမ်ကျောင်း၊ မြေသန်လယ်၊ ခုနှစ်ပယ်-သုံးပြည်။

---

**ထန်းရုံအလှူ။** သာထွန်ဦးဘုရား၊ ထန်းတရုံ။ ။မြောင်ဆုမ်ကျောင်း၊ ထန်းတရုံ။ ။မဟာစေတီ။ ထန်းတရုံ။ ။ငါးဆူဘုရား၊ ထန်းတရုံ။

ဤအလှူဒါယကာတို့၊လှူပြီးသော၊ သန်မုရင်းလယ်၊ လေ့ဆယ့်ရှစ်ပယ်-သုံးပြည်။ ထန်းလေးရုံ။ သည်များကိုလည်း၊ ရှေးအလှူဒါယကာတို့လှူခဲ့သည့်အတိုင်းတည်ပစေ။

သည့်ပြင်၊ နယ်နိမိတ်အတွင်း၌ ရှိသော၊ မြင်မြေ၊ သူရဲမြေတို့ကိုလည်း၊ **အစားပေးတော်မူ၍၊** နယ်နိမိတ်အတွင်း၌၊ မင်းမြေနှင့်တကွ၊ လှူတော်မူသည်။

---

**တွင်ပြီးသောမြေ။ ၂၁၁-ပယ်။** တွင်ပြီးသောမုရင်းလယ်ကား၊ နှစ်ရာ့တဆယ့်တပယ်။

**သန်လယ်။** သန်လာသ်၊ တရာ့ငါးဆယ် တပယ်-တစိတ်။ စည်တုတ်တရာကား၊ထန်းနှင့်တကွ၊ထန်းငါးရုံ။

**ကိုင်းမြေ။** မတွင်သေးသော၊ကုန်းကျင်းတောမြေ။ အလုံးစုံ အကုန်၊ ညောင်ရင်းရွာ။ ခွန်ပင်ထဲရွာ။ ခွန်အကုန်လှူတော်မူ၏။ ။ယင်းနယ်တွင်ပြင်၊ ဝမ်းပြည့်ရွာ၊ အနောက်၌။ တက်ကတော-သန်လယ်၊ တဆယ့်သုံးပယ်။

www.dhammaransi.com



သုံးစိတ်။ မူရင်းလယ်၊ နှစ်ပယ်-နှစ်စိတ်-တပြည့်၊ သန်မူရင်းလယ်နှစ်ခု၊ တဆယ့်ခြောက်ပယ်တစိတ်ကိုလည်း၊ လှူတော်မူ၏။

---

**အကြီးအမတ် နှစ်ယောက်။** စေတီတော်၌၊ ခပ်သိမ်းသော၊ အမှုကြီးငယ်ကို၊ စီရင်စိမ့်သောငှါ၊ လှူတော်မူသော၊ ကျွန်သည်တော် အပေါင်းတို့၏၊ အကြီးအမတ်နှစ်ယောက်ကား။ သဒ္ဓါသူရ။ ဒေဝပါဏိတို့တည်း။ မယားသားသွီး၊ မြေးမြစ်-ဆွေမျိုးတို့နှင့်တကွ၊ အပေါင်းကား။ လေးကျိတ်—ခုနှစ်ယောက်တည်း။

---

**ကိုယ်စားမြေ ၁၃၃-ပယ်၊၃-စိတ်။** ကိုစ်တိုစ့်စားမြေကား။ အတွင်သင်ဝင်အင်မဒေါင် ဖွေကာ လက်သားစားမြေ၊ မြင်းမွေးတွင်၊ ချေစ်ပုတိုင်နက်သန်လယ်၊ လေးဆယ့်ခုနှစ်ပယ်နှစ်စိတ်။ ပြည်တော်သာ လှေ်ကား။ အဝင်ပြည်တော်ဦးမြေ၊ ရွာသစ်ကြီးတွင်၊ သေက်ရငယ်တိုင်နက်။ မရင်းလေးဆယ့်ခြောက်ပယ်တစိတ်။ ကြိန်လှေလှေ်ကား၊ အမှုငယ်စား၊ ဇျှန်တွင်၊ ငခွေးတိုင်နက်၊ မူရင်းလယ်၊ အပယ်နှစ်ဆယ့်သုံးပု။ လယ်ပယ်အပေါင်း၊ တရာ့တဆယ့်သုံးပယ်-သုံးစိတ်။

---

**စာရင်းကိုင်။** စာရင်းကိုင်ကား၊ စေန္တ'သောရ၊ နှစ်ယောက်တည်း။ မယား-သား-မြေး-မြစ်။ ဆွေမျိုးတို့နှင့်အကွ၊ အပေါင်းကား။ ခြောက်ယောက်တည်း။ ။ ကိုတိုစ့်စားမြေကား။

www.dhammaransi.com



**ကိုယ်စားမြေ။** ပည့်ထောင်လျှော်ကား။ လက်သားစားမြေ။ တန့်တည်းအင်းတွင်၊ ငချစ်ပုငယ်တိုင်နက်၊ မူရင်း နှစ်ဆယ့်ရှစ်ပယ်၊ တပြည်။မြောက်ဘက်၊ မြင်စည်သာတိုက်၊ တပယင်းကွဲအဝင်၊ ဘုန်သောင်မြေ၊ ထွေပုမ်ငယ်တိုင်နက်။ မူရင်း နှစ်ဆယ့် လေးပယ် နှစ်စိတ်။ မြောက်ဘက်မြင်၊ တပယင်းကွဲအဝင်၊ လန်ကောင် တနင်ဖြည်မြင်မြေ၊ ငထွေပုမ်ငယ်တိုင်နက်၊ မူရင်း ဆယ်ပယ်။

**မူရင်းလည်ပေါင်း။** မူရင်း လယ်ပေါင်း၊ မြောက်ဆယ့် နှစ်ပယ်-နှစ်စိတ်-တပြည်တည်း။

**သင်ပုတ်တော်ကပ်။** အကြီး၊ အဲခမ်လျှင်၊ ကျိုပဖါ၊ ငဇေယ၊ နှင့်တကွ၊ ဦးရေအပေါင်း၊ တရာ့ငါး ယောက်တည်း။

**သင်ပုတ်တော်ချက်ကား။** အကြီး၊ ငကျော်၊ ငဘော်နှင့်တကွ ဦးရေအပေါင်း၊ နှစ်ကျိပ် ခုနှစ် ယောက်တည်း။

---

**အမြိတ်းမှတ်ရန်။** မဟာစေတီတော်၌၊ အမြိတ်းမှက် ပူဇော်ဗိမ့်သော၌၊ မြောက်စည်ခုနှစ်လုံး၊ ခရူသင်းနှစ်လုံး၊ ငွေသပြေ တပိုဝ်နှစ်စင်း။ ငွေတံမြွာ နှစ်စင်း။ ငွေတံရှည်နှစ်စင်း စည်ဝန့်တဆယ့်သုံးလုံး။ ငွေတပိုကြီး နှစ်စင်း။ နှဲငယ်နှစ်စင်း၊ ဗုမ်တလုံး၊ ကြေးစည်ပုတ်တလုံး၊ ခွက်ခွင်းတရံ။ ဤသို့ မင်းတန်ဆာ၊ ပဉ္စင်တူရိယာငါးပါးပရိုကို၊ အမြိတ်းမှတ်ဗိမ့်သော၌၊ လှူတော်မူသော။

www.dhammaransi.com



**စည်မှူး။** စည်မှူးကား၊ သည်နားလင်၊ အစန်၊ ဆဲသုတ်၊ ဆဲမော်၊ စည်တီး-ကိုးကျိတ်၊ တယောက်တည်း၊ အမှူး သည်နားလင်နှင့်တကွ၊ ချင်းတို့ မယားသားမြေး မြစ်၊ ဆွေမျိုး ဦးရေပေါင်းကား၊ နှစ်ရာ့ ကကျိပ် ငါး ယောက်တည်း။

---

**ဟတ္ထကမ္မ အကျိုး၄ါ။** စေတီတော်၌၊ ဟတ္ထကမ္မအကျိုး၄ါ၊ လှူတော်မူသော၊ ပညာသည်ကား။ ပုရံ ငါးယောက်၊ တမော့ ငါးယောက်။ ပန်းဘဲ ရှစ်ယောက်။ မျက်ပါးသမားရှစ်ယောက်၊ သစ်စေးသမားငါးယောက်၊ ဤပညာသည်၊ သုံးကျိပ် တယောက်၊ ချင်းတို့ မယား သားမြေးမြစ်၊ ဆွေမျိုးတို့နှင့်တကွ၊ အပေါင်းကား။ ခုနှစ် ကျိပ် ခြောက်ယောက်တည်း။

---

**အရံတော်စောင့်။** စေတီတော်၌အမြဲစောင့်ရှောက်သုတ်သင် စိမ့်သော၄ါ၊ လှူတော်မူသော၊ အရံတော် စောင့်၊ ကျွန်သည်တော်ကား။ အမှူး ဆေ၊ တောင်၊ သွေခေါင်-ရှစ်ယောက်၊ အငယ်သား ကိုးကျိတ်။ ချင်းတို့ မယား,သား-မြေး-မြစ်၊ ဆွေမျိုးတို့နှင့်တကွ၊ အပေါင်း ကား။ သုံးရာ ခြောက်ကျိတ် နှစ်ယောက်တည်း။

---

**ချင်းတို့စားမြေ။** သင်ပုတ်တော်ကပ်။ သင်ပုတ်တော်ချက်။ စည်တီး၊ ပုရန်၊ တမော့၊ သစ်စေးသမား၊ မျက်ပါးသမား။ ပန်းဘဲ။ အရံတော်စောင့်။ ချင်းတို့ အပေါင်း၏ စားမြေကား။

www.dhammaransi.com



ခက်သင်တွင်၊ အောင်ထွန်းငယ်တိုင်နက်၊ လှော်ကားတက်ပစ်၊ မြေသန်လယ်၊ လေးဆယ့်နှစ်ပယ်၊ နှစ်ပြည်။ မူရင်းရှစ်ဆယ့်သုံးပယ်။

မြောက်ဘက် မြင်စည်သာတိုက်၊ ထွေသာငယ်တိုင်နက်၊ မူရင်းတဆယ့်ခုနှစ်ပယ်နှစ်စိတ်။ မြက်သောက်မြေ၊ ငပိုင်ငယ်တိုင်နက်၊ သန်တဆယ့်ကိုးပယ်-သုံးစိတ်။

မြောက်ဘက်မြင်၊ တပယင်းကွဲအဝင်၊ မြင်နက်မြေ။ ထွေပုံငယ်တိုင်နက်၊ မူရင်း လေးဆယ့်ငါးပယ် နှစ်စိတ်။

မြောက်ဘက်မြင်၊ မြင်ကျမြေ၊ လှထွေအဝင်၊ ငဖလွှမ်တိုင်နက်၊ မူရင်းခုနှစ်ဆယ့်ငါးပယ်။

မြောက်ဘက်မြင်အဝင်၊ တောင်မမြေ၊ ငဖလွှမ်ငယ်တိုင်နက်။ မူရင်းကိုးဆယ့်နှစ်စိတ်။

စည်သာတိုက်၊ ဥရှစ်မြင်မြေ။ စည်သာသူကြီး။ ငရဲထင်ငယ်တိုက်နက်၊ သန်လယ်၊ လေးရာ့ခြောက်ဆယ်၊ ကွင်မြေ ချင်တို့တိုက်နက်၊ လန်ကောင်သန်လယ် ခြောက်ပယ်၊ မြောက်ဘယ်မြင်၊ အဝင်သရက်၊ အင်မြေ ထွေပုမ်ငယ်တိုင်နက်၊ မူရင်း နှစ်ဆယ့်နှစ်ပယ် သုံးစိတ်၊ မြောက်ဘက်၊ မြင်အုံမ်မက်မြေ၊ မြေတ်သူငယ်တိုင်နက်၊ မူရင်းလေးပယ်။

တဆယ်တရ၊ သန်မူရင်း လယ်ပေါင်း၊ ခုနှစ်ရာရှစ်ဆယ့်ငါးပယ်၊နှစ်ပြည်တည်း။

---

**သင်္ဃာတော်အား လှူသောမြေ။** မြတ်စွာဘုရားအား၊ ရှင်အာနန္ဒာ၊ လုပ်ကျွေး, စောင်မသကဲ့သို့၊ စေတီတော်၌၊ အမြဲလုပ်ကျွေးသော၊ သင်္ဃာတော်အား၊ ပစ္စည်းလေးပါး

www.dhammaransi.com



အကျိုး၌၊ လှူတော်မူသော မြေကား။ သပြေအုပ်တွင်၊ လှော်ကား၊ သုံးထောင်အဝင်၊ မုမ်ရွှေ လှော်ကား။ အမှုယ်စား၊ ဂေါယ်ကိုင်နက်၊ သန်နှစ်ရာ့လေးဆယ့်ရှစ်ပယ်တစိတ်။

မုရင်း ခုနှစ်ဆယ့်နှစ်ပယ်တစိတ်နှစ်ပြည်။ ရွာသစ်ကြီးတွင်၊ သေကဲ်ရုယ်တိုင်နက်၊ ပြည်တော်သာလှော်ကား။

သန်မုရင်း သုံးရာ့ လေးဆယ့် သုံးပယ် နှစ်စိတ်နှစ်ပြည်တည်း။

---

**ပိဋကတ်စောင့်။** ဓမ္မစေတီတော် ဖြစ်သော၊ ပိဋကတ်တော်ကို။ အမြဲစောင့်ရှောက် စိမ့်သော၌။ ခန့်တော်မူသောလူကား။ အကြီး ငမ္ဗမောင်။ငမြစ်။နှစ်ယောက်တည်း၊ မယား သား-မြေး-မြစ်။ ဆွေမျိုးတို့နှင့်တကွ။ အပေါင်းကား၊ ကိုးယောက်တည်း။

**စားမြေကား။** ပုလိတ်တွင်၊ အင်ဗုံမ်ငယ်ကိုင်နက်၊ မုရင်း ကိုးဆယ့် ကိုးပယ်တစိတ် သုံးပြည်။

တောင်ပြုမ်းငယ်တွင်၊လှော်ကား၊သုံးထောင်အဝင်။ လက်ယာ၊ ကုလားလှော်ကား၊ အမှုယ်စား၊ သန်အပယ်ငါးဆယ်၊ သန်မုရင်းသုံးရာ၊ တရာ့လေးဆယ့် ကိုးပယ်တစိတ်သုံးပြည်တည်း။

---

**ဗိဋကတ်စောင့် အငယ်။** ပိဋကတော်စောင့်၊ အငယ်လက်သားကား၊ တကျိတ်၊ ချင်းတို့ မယား,သား,မြေး,မြစ် ဆွေမျိုးတို့နှင့်တကွအပေါင်းကား။တကျိတ်ခြောက်ယောက်တည်း။

www.dhammaransi.com



**စားမြေ။** ချင်းတို့ စားမြေကား၊ မြင်းမွေးတွင်၊ ငဖချစ် ငယ်တိုင်နက်၊ လှော်ကား၊ သုံးထောင်အဝင်၊ မှုရင်း ခုနှစ်ပယ်။

---

**တပယ်ရွာ။** တပယ်ရွာတွင်၊ ငပုနဲသံငယ်ဘိုင်နက်တွင်။ သင်္ကာလက်သားစားမြေအပယ်၊ နှစ်ဆယ့် သုံးစိတ်။ ။ကွံဆေဆည်ရေ သောကြာအင်းတွင်၊ သနဲ ခြောက်ဆယ့်ငါးပယ်၊သနဲမှုရင်းသုံးရာ၊ ကိုးဆယ့်နှစ်ပယ် သုံးစိတ်တည်း။

---

**သံဃိကကျောင်း။** သံဃိကကျောင်း၊ တန်ဆောင်-လေး ဆောင်၌၊ အမြဲစောင့်ရှောက်စိမ့်သောငှါ လှူတော်မှုသော လူကား။ အရှေ့တောင်၊ တန်ဆောင် ကျောင်း၌၊ ငတာပေါင်၊ ငဖ၊ ချင်းတို့ မယား-သား-မြေး မြစ်၊ ဆွေမျိုးတို့နှင့်တကွ၊ ကိုးယောက်။

အရှေ့မြောက်၊ တန်ဆောင်ကျောင်း၌၊ ငပြည့်ဖျိုး ငကော်၊ ချင်းတို့ မယား-သား-မြေး-မြစ်၊ ဆွေမျိုးတို့နှင့် တကွ၊ သုံးယောက်။

အနောက်တောင်၊ တန်ဆောင်ကျောင်း၌၊ငရဲထင်၊ ငအောင်၊ ချင်းတို့ မယား-သား မြေး-မြစ်၊ ဆွေမျိုးတို့နှင့် တကွ၊ ခုနှစ်ယောက်။

အနောက်မြောက်၊တန်ဆောင်ကျောင်း၌၊ငဖသက်၊ ငဖျိုး၊ ချင်းတို့ မယား-သား-မြေး မြစ်၊ ဆွေမျိုးတို့နှင့် တကွ၊ ခုနှစ်ယောက်။

* လေးရာလူအပေါင်းကား။ နှစ်ကျိပ်တ် ခြောက် ယောက်တည်း။

www.dhammaransi.com



**စားမြေ။** ချင်းတို့စားမြေကား၊ တောင်မြင့်တွင်၊ တောင်မြင့်သူကြီး၊ ငချမ်းသာကိုင်နက်၊ လျှော်ကား၊ သုံးထောင်၊ လက်သားစား၊ မှရင်း အပယ် ၂၀ တည်း။

---

တာရေသံနေန ပုညေန၊
ကတေန နာထသာသနေ။
သြဃယ္ဟတ္တဝါ မတာပါရံ၊
နိမုဂ္ဂံ နေတံ ဗဟုံ။ ။

မင်္ဂလာပန် ဘဝက်မွန်သား၊ သုံးခန်လူမိပ်၊ ငါးမာန်နှိပ်လျှင်၊ တံဆိပ်ကွပ်ထိုင်၊ မိန့်သောကိုင်ဖြင့်၊ ရံဆိုင်များစွာ၊ တိုင်တကာတို့၊ နိုင်ရာမခံ၊ တောင်ပေါင်းရံလျက်၊ တပ္ပဒိပါ၊ သုဏာပရန်၊ ရန်မာန်အောင်မြေ၊ လယ်ချက်ဖွေနိုက်၊ ယှက်ခွေသိတာ၊ ဆုံရစ်ဖြာသား၊ ရတနာပူရ၊ ဌာနစည်ရှည်၊ ရန်ပွဲစည်သည်၊ ရွှေပြည်သိရိ၊ မြတ်ဘုမ္မိဌ်၊ တရိဘဝ၊ လောကထွင်ထား၊ သုံးလူများ၏၊ သုံးပါးသာသနာ၊ စမ္မာနဝ၊ ရူပကြည္ဏာ၊ ရောက်သောခါဌ်၊ အာဏာတော်တိ၊ မိုးခေါင်ထိသား၊ သိရိနန္ဒ၊ ဓမ္မရာဇာ၊ ပဝရာဓိပတိ၊ ထွင်ဘုန်းဟိလျှင်၊ ဇာတိဝံသာ စည်လာအလိုက်၊ သိမ်းပိုက်ဇမ္ဗူ စိုးတော်မူကြောင်း၊ ဖေးလောင်းဘုန်းပေါ်၊ ဘိုးတော်မင်းဖျား၊ နှစ်ပါးစစ်မိုး၊ ဘကြီးတော်မင်း၊ ထန်ပြင်းကျော်သည်း၊ ခမည်းတော်မြတ်၊ တမွတ်ဘုန်းလျှံ၊ ဆက်စည်စံသား၊ အသံဘိန္န၊ ဇာတိစသည်၊ ဖလင်ါးဦး၊ အထူးထူးတည့်။

(၁၆)

www.dhammaransi.com



ကျေးဇူးသင်္ချေ၊ မြင့်မြတ်ထွေနှင့်၊ သရေရပါတ်၊ စေတီမြတ်အား စံလွတ်ရတနာ၊ သိဒ်ဓါလျှံဦး၊ မျက်ပုံ(မ်)ထီးကို။ အမ်းချီးမနိုင်၊ မကျွိုင်ဗဟိုစ်၊ မြင်းမိုဝ်မိဝ်ပြင်၊ နတ်သဘင်သို၊ ဖန်ရည်ကြည်ဖြူ၊ တင်တော်မူ၍။ ။ ပြစ်ထူဒါန၊ မြတ်မေဃဖြင့်၊ ဒိပသောင်ရေ၊ နှမ့်ငြိမ်စေလျှက်၊ မြတ်စေတနာ၊ သဒ္ဓါအားစောင်၊ ဉာဏ်တန်ဆောင်ဖြင့်၊ ငါးထောင်သာသနာ၊ တည့်စိမ့်ငှါလျှင်၊ မျှားစွာခြွေရံ၊ ဝဏ္ဏကြံကိုဝ်၊ ဘုန်းသျှံနယ်တူ၊ ဖန်ဆင်းလှူ၍၊ အောင်သူတို့မှူး၊ ကျေးဇူးအထွတ်၊ ဆုကြီးမြတ်ကို။ မြဲမှတ်ကြည်ဖြူ၊ တောင်တော်မူသား၊ နတ်လူချီသောင်း အကြောင်းကြောင်းကို၊ နှောင်နှောင်းရှည်ကြာ၊ ကျော်စိမ့်ငှါလျှင်၊ မင်္ဂလာဥဒါန်း၊ ကမ်ပြည်းညွှန်းသည်၊ မော်ကွန်းကျောက်စာ၊ စည်လာမှတ်ထိုက်၊ သံပိုက်တည်း။

---

**စေတီတော်ရပ်မြေခြား။** ရာဇမဏိစူဠာ စေတီတော်၊ တည်ရပ်မြေခြားကား၊ အရှေ့ရှုးရှုး၌၊ မန်ကျည်းပင်နှင့်၊ ကျောက်တိုင်စိုက်၏။ အရှေ့တောင်ထောင့်၌၊ သခွတ်ပင်ရင်း၌ ကျောက်တိုင်စိုက်၏။ တောင်ရှုးရှုး၌၊ မန်ကျည်းပင်နှင့် ကျောက်တိုင် စိုက်၏။ အနောက်တောင်ထောင့်၌၊ ဗောဓိညောင်ပင်နှင့် ကျောက်တိုင်စိုက်၏။ အနောက်ရှုးရှုး၌ မန်ကျည်းပင်နှင့် ကျောက်တိုင် စိုက်၏။ အနောက် မြောက်ထောင့်၌၊ နှမ်ပဲပင်နှင့် ကျောက်တိုင်စိုက်၏။ မြောက်ရှုးရှုး၌၊ ညောင်ကြွတ်ပင်နှင့် ကျောက်တိုင်စိုက်၏။ အရှေ့မြောက်ထောင့်၌၊ နှပ်ဖဲပင်နှင့် ကျောက်တိုင်စိုက်၏။

www.dhammaransi.com



ဤရှစ်ရပ်သော၊ နယ်နိမိတ်တို့ဖြင့်၊ ပိုင်းခြားအပ်သော၊ မြေကား။

**အတာ၀ပါင်း။** အရှေ့အနောက် အလျားအတာ၊ နှစ်ရာသုံးဆယ်နှင့် သုံးတောင်၊ တောင်မြောက်အနံ-အတာ၊ တရာ့ခုနှစ်ဆယ့်ရှစ်တာနှင့်၊ ငါးတောင်စတုရန်း တာပေါင်းကား။ ရှစ်ရာသုံးဆယ့် ခြောက်တာ၊ နှစ်တောင်တည်း။

ဤသို့ ဆိုအပ်ပြီးသော၊ စံကား ကျောင်းမြေကို၊ **စေတီ**တော်မြေ ဖြစ်စိမ့်သော၄ါ၊ မွေကာနှင့်ညီစွာ။ အစားပေးတော်မူသော မြေကား။ ။ရွာသစ်ကြီးအရှေ့မြောက်ထောင့်၌၊ နံနှင့်ဘိုဒ်မြေ၊စတုရန်းအတာ၊ ရှစ်ရာ့ရှစ်ဆယ်၊ အပိုင်းအခြားကား။ အရှေ့ကား မြစ်တွင်းဆုမ်၊ သားပြေချောင်။ တောင်ကား၊တောင်လွှဲဘုရားမြေနှင့်၊ ရွှေတောင်၊ ကျွန်းသီဘို့၊ စားမြေစပ်၊ အနောက်ကား၊ ရွှေတောင်၊ ကျွန်းသီတို့၊ စားမြေစပ်၊ မြောက်ကား၊ ရာဇသင်းကြီးဆရာ၊ မြေခြားတည်း။ ကျွန်သီတော် အကြီးနှစ်ယောက်၊ အစဟိသော၊ ကျွန်သီတော်အပေါင်းကား၊ ဂ၄၂။ အမည်အသက်စည်တို့ကိုကား၊ စာရင်းကျယ်လက်စွဲ၊အသီးထားသတည်း။

သက္ကရာဇ် ၁၀၁၂၊ ပဥ္စမ ၀ါဆိုလွှန်း (၅)ရက်။ ၅-တေးနေ့တွင်၊ ပြီးပြည့်ပုံ၏။

—✩—

www.dhammaransi.com



# အမှာ။

သာလွန်မင်းတရားကြီး၏ သားတော်၊ ငါးထပ်ဒါယကာ၊ မင်းလျှောက်ထားချက်အရ၊ တောင်ဘီလာဆရာတော်ကြီး-ရေးသားတော်မူသည်ကို၊ အရှင်ဏန္ဒဂုတ္တမထေရ်,ကြီးကြပ်၍၊ ကျောက်ထက်အက္ခရာ၊ တင်တော်မူခဲ့သော၊ ကျောက်စာကြီးဖြစ်သည်။

## အထူးမှတ်သားချက်။

ဤစာအုပ်၌ပါရှိသော ကျောက်စာတော်မှာ၊ သတ်ပုံအမျိုးမျိုးနှင့် စကားပေါ့-စကားလေးများ သုံးနှုံးထားပါသည်။ ၎င်းစကားသုံးများမှာ၊ ကျောက်စာအက္ခရာအတိုင်း ကူးယူသည့်၊ မူအက္ခရာများ အတိုင်းသာ၊ ဖြစ်ပါသည်။

www.dhammaransi.com



# ရာဇမဏိစူဠာ—စေတီတော်၏

## ကျောက်စာမှုအရ—ဝတ္တကန်မြေများဇယား။

(က) ဆိမ်ိးဝတ်-သင်ပုတ်ဝတ် လှူသောမြေ
အဝန်းတာ (၃၉၀၀)

| | | ပယ်။ | စိတ်။ | ပြည်။ |
|---|---|---|---|---|
| ၁။ | ညောင်ရင်းရွာ-တွင်ပြီးသောမြေ မှုရင်းလယ် | ၂၁၁။ | ။ | |
| ၂။ | ၎င်း။ သန်လယ် | ၁၅၁။ | ၁။ | |
| ၃။ | မတွင်သေးသော-ကုန်းကျည်းတောမြေ။ အလုံးစု အကုန် ညောင်ရင်းရွာ၊ ခွန်ပင်ထဲရွာ။ ခွန်အကုန်လှူတော်မူ၏။ | | | |
| ၄။ | ဝမ်းပြည့်ရွာအနောက်၊ တက်ကတေသန်လယ် | ၁၃။ | ၃။ | |
| | ၎င်း။ မှုရင်းလယ် | ၂။ | ၂။ | ၂ |
| | သန်မှုရင်းလယ်ပေါင်း | ၃၇၈။ | ၂။ | ၂ |

(ခ) အကြီးအကဲသင်္ဃါသူရ-ဒေဝပါဏိတ္တိစားမြေ။

| | | ပယ်။ | စိတ်။ | ပြည်။ |
|---|---|---|---|---|
| ၁။ | မြင်းမွေးတွင်-သန်လယ် | ၄၇။ | ၂။ | |
| ၂။ | ရွာသစ်ကြီးတွင်-မှုရင်းလယ် | ၆၆။ | ၁။ | |
| | သန်မှုရင်းလယ်ပေါင်း | ၁၁၃။ | ၃။ | |

www.dhammaransi.com



(ဂ) စာရင်းကိုင်၊ စေန္တ၊ သောရပ္ဗိစားမြေ၊ တန်တည်း။

| | | ပယ်။ | စိတ်။ | ပြည်။ |
|---|---|---|---|---|
| ၁။ | အင်းတွင်၊ မုရင်းလယ် | ၂၈။ | ။ | ၁ |
| ၂။ | မြောက်ဘက် တပယင်းကွဲ အဝင် မုရင်းလယ် | ၃၄။ | ၂။ | |
| | မုရင်းလယ်ပေါင်း | ၆၂။ | ၂။ | ၁ |

(ဃ) သင်ပုတ်တော်ကပ်၊ သင်ပုတ်တော်ချက်။
စည့်တီး။ ပုရန်။ တမော့။ သစ်စေးသမား။ မျက်ပါးသမား။
ပန်းဘဲ။ အရံတော်စောင့်။ ချင်းတို့စားမြေကား။

| | | ပယ်။ | စိတ်။ | ပြည်။ |
|---|---|---|---|---|
| ၁။ | ခက်သင်တွင်-မြေသန်လယ် | ၄၂။ | ။ | ၂ |
| ၂။ | မုရင်း | ၈၃။ | | |
| ၃။ | ထွေသာငယ်တိုင်နက်-မုရင်း | ၁၇။ | ၂။ | |
| ၄။ | ငိုင်ငယ်တိုင်နက်-သန်လယ် | ၁၉။ | ၃။ | |
| ၅။ | မြောက်ဘက်–တပယင်းကွဲ အဝင်၊ မြေနက်မြေ၊ ထွေပုမ် ငယ်တိုင်နက်–မုရင်းလယ် | ၄၅။ | ၂။ | |
| ၆။ | လှထွေအဝင်၊ ဖေလွမ်တိုင်နက် မုရင်းလယ် | ၇၅။ | | |
| ၇။ | မြောက်ဘက်ဖေလွမ်တိုက်နက် မုရင်းလယ် | ၂၃။ | | |
| ၈။ | စည်သာတိုက်-စည်သာသူကြီး ငရဲထင်ငယ်တိုင်နက် သန်လယ် | ၄၆၀။ | | |

www.dhammaransi.com



| | ပယ်။ | စိတ်။ | ပြည်။ |
|---|---|---|---|
| ၉။ လန်ကောင်သန့်လယ် | ၆။ | | |
| ၁၀။ သရက်အင်မြေ၊ငထွေပုမ် ငယ်တိုင်နက်မှုရင်းလယ် | ၂၂။ | ၃။ | |
| ၁၁။ ငမြတ်သူငယ်တိုင်နက် မှုရင်းလယ် | ၄။ | | |
| ၁၁-ရသန်မှုရင်းလယ်ပေါင်း | ၇၀၅။ | ။ | ၂ |

## (င) သံဃာတော်အားလှူသောမြေ။

| | ပယ်။ | စိတ်။ | ပြည်။ |
|---|---|---|---|
| ၁။ သပြေအုပ်တွင် သန့်လယ် | ၂၄၀။ | ၁။ | |
| ၂။ မှုရင်းလယ် | ၇၂။ | ၁။ | ၂ |
| ၃။ ရွာသစ်ကြီးတွင် မှုရင်းလယ် | ၃၄၃။ | ၂။ | ၂ |
| သန်မှုရင်းလယ်ပေါင်း | ၆၆၃။ | ၁။ | |

## (စ) ဖိုငှကတ်စောင့်-ငပွမောင်၊ငမြစံတို့စားမြေ။

| | ပယ်။ | စိတ်။ | ပြည်။ |
|---|---|---|---|
| ၁။ ပုလိပ်တွင်၊ မှုရင်းလယ် | ၉၉။ | ၁။ | ၃ |
| ၂။ တောင်ပြုံးငယ်တွင် လှော်ကားသုံးထောင်အဝင် အမှုငယ်စား-သန့်လယ် | ၅၀။ | | |
| သန်မှုရင်းလယ်ပေါင်း | ၁၄၉။ | ၁။ | ၃ |

(ဆ) ပိဋကတ်စောင့် အငယ်လက်သားစားမြေ။

| | ပယ်။ | စိတ်။ | မြည်။ |
|---|---|---|---|
| ၁။ မြင်းမွေးတွင် သျှော်ကား သုံးထောင်အဝင် | ၇။ | | |
| ၂။ တပယ်ရွာတွင်၊ ငပုန်သန် ငယ်တိုင်နက် | ၂၀။ | ၃။ | |
| ၃။ ကံဆေဆည်ရေသောကြွာ အင်းတွင် သန်လယ် | ၆၅။ | | |
| သန်မုရင်းလယ်ပေါင်း | ၉၂။ | ၃။ | |

(ဇ) သံဃိကကျောင်းမြေ၊ တောင်မြင့်တွင် တောင်မြင့်သူကြီး–ငချမ်းသာတိုင်နက်၊ သျှော်ကား (၃၀၀၀)သုံးထောင်။ မုရင်းပယ်–၂၀။

# ကျောက်စာမူအရ၊ ကျွန်သိတော်အပေါင်း–မှတ်သားရန်။


၁။ အကြီးအကဲအမတ် သဒ္ဒါသူရ၊ ဒေဝပါလိ မယား-သား စသည်နှင့်တကွ ၄၇

၂။ စာရင်းကိုင် ငစန္ဒ၊ ငသာရ၊ မယား-သား စသည်နှင့်တကွ ၆

၃။ သင်ပုတ်တော်ကပ်-ကျိုပဖါး၊ ငဇေယနှင့်တကွ ၁၀၅

၄။ သက်ပုတ်တော်ချက်၊ အကြီး-ငကျော်၊ ငဘော် နှင့်တကွ ၂၇

www.dhammaransi.com



၅။ ဟတ္ထကမ္ဗအကျိုး၄ါ၊ ပညာသည့်ပေါင်း-ပုရန်
၅။ တမော့-၅။ ပန်းတဲ-၈။ ဖျက်ပါးသမား-၈။
သစ်စေးသမား-၅ ယောက်၊ ၎င်းတို့ မယား
စသည့်နှင့်တကွ ၇၆

၆။ အရံ့တော်စောင့်၊ အမှူး—ငဆုတောင်၊
ငသွေခေါင်-၈ ယောက် အငယ်သားကိုးကျိတ်
ချင်းတို့မယားစသည့်နှင့်တကွ ၃၆၂

၇။ စည်မှူး-သည့်နားလင်၊ အဝန်၊ အဲသုတ်၊
အဲမော်နှင့်တကွ စည်တီး—ကိုးကျိတ်
၁-ယောက်၊ ၎င်းတို့မယားစသည့်နှင့်တကွ ၂၁၅

၈။ ဗိဋကတ်စောင့်၊ အကြီး—ငဖွဲမောင် ငမြစ်
နှင့်တကွ ၉
အငယ် ၁၀-ယောက်၊ မယားစသည့်နှင့်တကွ ၁၆

၉။ သံဃိက၊ အရှေ့တောင် တန်ဆောင်ကျောင်း၌
ငတပေါင်၊ ငဖ နှင့်တကွ ၉
အရှေ့မြောက် တန်ဆောင်ကျောင်း၌
ပြည့်ဖိုး၊ ငဖနှင့်တကွ ၃
အနောက်မြောက် တန်ဆောင်ကျောင်း၌
ငရဲထင်၊ ငဖိုးနှင့်တကွ ၇
အနောက်တောင် တန်ဆောင်ကျောင်း၌
ငဖသက်၊ ငဖိုးနှင့်တကွ ၇

ကျွန်သိတော်ပေါင်း ၈၄၂

www.dhammaransi.com



# ခွယ်တော်-ဘုရားရှိခိုး။

၁။ ဒါဋ္ဌာဝါတုံ အသဇ္ဈိန္တံ၊
ရံသိဇာလ သမုဇ္ဇလံ။
ကိဉ္စိရတ္တံ ကိဉ္စောဒါတံ၊
သင်္ဂိနိက္ခ သရိက္ခကံ။ ။

၂။ ဒန္တဂ္ဂသမသဏ္ဌာနံ၊
တိဝင်္ဂုလိ ပမာဏကံ။
မဇ္ဈင်္ဂုလိ ပရိဏာဟံ၊
နမာမိ အဂ္ဂဆိဒ္ဒကံ။ ။

အသဇ္ဈိန္တံ။ မကျဲမပြို မယိုမယွင်း၊ ပကတိ ပင်ကိုယ်ရင်းလည်း ရှိတော်မူပေထသော။

ရံသိဇာလသမုဇ္ဇလံ။ ရောင်စုံထွေးယှက်၊ ရွှေကွန်ယက်ကဲ့သို့၊ ကူးယှက်လည်ကြွ၊ ကောင်းစွာတောက်ပသော၊ အဆင်းတော်လည်း ရှိတော်မူပေထသော။

ကိဉ္စိရတ္တံ။ အရင်းအဖျားတို့၌၊ဟင်းသပြဒါးသက်ရေး၊ ဈေးဈေးနီမြန်း၊ လယ်ခေါင်ရန်းကဲ့သို့၊ ရစ်သန်း သေးသွယ်၊ ဇင်းငယ် နီမြန်းသော၊ အဆင်းတော်လည်း ရှိတော်မူပေထသော။

ကိဉ္စောဒါတံ။ အစအဆုံး ခွယ်တော်လုံး၌၊ ရစ်ဖုံးထွေးယှက်၊ ဘော်ငွေရွက်အတူ၊ ပုလဲမှုမယွင်း၊ ပိုစံနစ်ခင်းရအောင်၊ ဇင်းငယ်ဖြူဝင်းသော၊ အဆင်းတော်လည်း ရှိတော်မူပေထသော။

www.dhammaransi.com


သိင်္ဂိနိက္ခသရိက္ခကံ။ နာရဏိ သိင်္ဂိနိက်၊ ခပ်နှိပ်ရွှေစင်၊ အသွင်မခြား၊ တသားတည်းလည်း၊ တူတော်မူပေထသော။

ဒန္တဂ္ဂသမသဏ္ဌာနံ။ ဆဒ္ဒန်စွယ်များ၊ ပုံမခြားဘဲ၊ အဖျား သွယ်သပ်၊ ချောက်ပတ်တင့်ရှိုင်း၊ ဇင်းငယ် ညွတ်ကိုင်းသော၊ သဏ္ဌာန် တော်လည်း၊ ရှိတော်မူပေထသော။

တိဝင်္ဂုလိပမာဏကံ။ ပကတိလူများ အတိုင်းအရှည်အား ဖြင့်၊ လက်သုံးသစ်များလည်းရှိတော်မူပေ ထသော။

မဇ္ဈင်္ဂုလိပရိဏာဟံ။ လက်လယ်သရုတ်၊ ဖွင့်ထုတ်ခေါ် ညား၊ လက်ချောင်းများကဲ့သို့၊ ကောင်းစွာ သွယ်ရှုံး၊ ဝန်းလုံးသောသဏ္ဌာန်တော်လည်း ရှိတော်မူပေထသော။

အဂ္ဂသိဒ္ဓကံ။ စွယ်တော်များ၌၊ ထင်ရှားမမြင်၊ ရေးရေး ထင်သည့်၊ ဇင်းငယ်အပေါက်၊ အသွင်လည်း ရှိတော်မူပေထသော။

ဒါဌာဓါတုံ။ လူရောနတ်ပါ ဗြဟ္မာမလပ် နှံ့စပ် ကျော် ကြား၊ ဘုရားရှင်မြတ် စွယ်တော်ဓါတ်ကို။

အဟံ။ ရုပ်နှင့်နာမ်ဓါတ်၊ ဤနှစ်ရပ်ကို၊ အတ္တသမုတ် အကျွန်ုပ်သည်။ နမာမိ၊ ဖရဏာပီတိ ဂွမ်း ဆီထိပုံ၊ သဒ္ဓါယုံဖြင့်၊ ကြည်ယုံမြတ်နိုး၊ လက်စုံမိုးကာ၊ ရှိခိုးကန်တော့ပါ၏၊ အရှင် မြတ်ဘုရား။

—☆—

www.dhammaransi.com



# ဒါဌာဓါတုဝင် စွယ်တော်စစ် မှတ်တမ်း။

## စွယ်တော်မြတ်လေးဆူ။

၁။ လက်ျာအထက်၊ စွယ်တော်ကို၊ ဒေါန ပုဏ္ဏား၏၊ ဦးရစ်ကြားမှ၊ သိကြားမင်းယူ၍ တာဝတိံသာ၊ စူလာမဏိစေတီ၌ ဌာပနာ၏။

၂။ လက်ျာအောက်၊ စွယ်တော်ကို၊ ဒေါန ပုဏ္ဏား၏။ ခြေကြား၌၊ ဝှက်ထားရာမှ၊ ဇယသေန-နဂါးမင်းယူ၍၊ နဂါးပြည် အလည်ပိုင်း၊ ရတနာ စေတီ၌၊ ဌာပနာ၏။

၃။ လက်ဝဲအထက်၊ စွယ်တော်ကို၊ ဂန္ဓာရဇ်တိုင်း၊ (တရုပ်ပြည်)မှ၊ ရဟန္တာတပါးက၊ ယူတော်မူ၍၊ ဂန္ဓာရဇ်တိုင်း၊ စေတီယ တော၌၊ တည်ထား ကိုးကွယ်၏။

၄။ လက်ဝဲအောက်၊ စွယ်တော်ကို၊အရှင်သာရိပုတြာ၏ တပည့်၊ခေမာ-မည်သောရဟန္တာက၊ ယူဆောင်တော်မူ၍၊ ကာလိင်္ဂတိုင်း၊ ဗြဟ္မဒတ်မင်းအား၊ ကိုးကွယ်စေတော်မူ၏။

www.dhammaransi.com



# ရာဇမဏိစူဠာ—စေတီတော်၌

# စွယ်တော်စစ်

## ရောက်ရှိလာပုံ။

၁။ ထိုစွယ်တော်မြတ် လေးဆူတို့တွင်၊ လက်ဝဲ အောက်စွယ်တော်ကို၊ ခေမာမည်သော–ရဟန္တာ၊ ယူပေး တော်မူသဖြင့်၊ ပဉ္စမကာလိင်္ဂတိုင်း၊ ဗြဟ္မဒတ်မင်း၊ ကိုး ကွယ်တော်မူ၏။

၂။ ၎င်းမင်း နတ်ရွာစံလျှင်၊ သားတော်–ကာသိ ရာဇာ၊ ကိုးကွယ်တော်မူ၏။

၃။ ကာသိရာဇာ–နတ်ရွာစံပြန်သော်၊ သားတော် သုနန္ဒာ၊ ဆက်လက်ကိုးကွယ်တော်မူ၏။

၄။ ၎င်းနောက်၊ ကာလိင်္ဂတိုင်းမှာပင်၊ သားစဉ် မြေးဆက်၊ ဆက်လက်ကိုးကွယ်တော်မူကြ၏။

၅။ ပထမ–တိတ္ထိတက္ကဒွန်းတို့အား၊ ကိုးကွယ်ပြီး လျှင်၊ ဒုတိယ–ဗုဒ္ဓဘာသာဖြစ်လာသော၊ ကာလိင်္ဂတိုင်း ပဏ္ဍုမင်းသည်၊ စွယ်တော်မြတ်ကို၊ ဆက်လက်ကိုးကွယ် တော်မူ၏။

၆။ ပါဋလိပုတ္တ နေပြည်တော်မှ၊ ပဏ္ဍုရာဇာ မင်းသည်၊ ဂုဟာသိဝမင်းကိုးကွယ်သော၊ စွယ်တော်မြတ်ကို၊ ကိုးကွယ်တော်မူသည်။ ဤအတွင်း၊ ခီရဓါရမင်းသည်၊ စွယ်တော်ရရန်၊ ပဏ္ဍုရာဇာမင်းအား၊ စစ်တိုက်သော် လည်း၊ ရှုံးလေ၏။

www.dhammaransi.com



၇။ ပဉ္စာလရာဇာ-မင်းသည်။ ဂုဟာသိဝမင်းထံ၊ စွယ်တော်မြတ်ကို၊ ပြန်လည်အပ်နှင်းတော်မူ၏။

၈။ ခိရာဓါရမင်း၏-တူတော်များက၊ ဂုဟာသိဝမင်းထံ၊ ချီတက်၍။ စွယ်တော်မြတ်ကိုမရလျှင်၊ စစ်တိုက်မည်ဟု၊ ရာဇသံပေးကြ၏။

၉။ ဂုဟာသိဝမင်းသည်၊ တူသားမက် ဖြစ်သူ၊ ဒန္တကုမာရနှင့်၊ သမီးတော်-ဟေမမာလာအား၊ အကယ်၍ စစ်ရှုံးခဲ့လျှင်၊ စွယ်တော်ကိုပင့်၍၊ သီဟိုဠ်ကျွန်း၊ အကြည်တော်—မဟာသေနမင်းထံ၊ တိမ်းရှောင်ကြရန်၊ မှာထားတော်မူ၏။ တိုက်ရာ၌ ရှုံးလည်းရှုံးလေ၏။

{ ၁ မှ ၉ ထိ၊ ဓါဌာဓါတုဝင် အဋ္ဌကထာနှင့်ဋီကာမှ }

၁၀။ ဒန္တကုမာရနှင့်၊ဇနီး-ဟေမမာလာတို့သည် စွယ်တော်ကိုပင့်ကာ၊ ပုဏ္ဏားရောင်ဆောင်၍၊ တာမလိတ္တိ ဆိပ်ကမ်းမှ၊ သီဟိုဠ်ကျွန်းသို့ ကူးကြကုန်၏။

* အခွင့်သာယာ၊ တာမလိတ္တိ၊ မည်ရှိဆိပ်ကမ်း၊ တက်သွမ်းသင်္ဘော၊ ပင်လယ်ကြောသို့။

(စွယ်တော်သျှောင်ရတုမှ)

၁၁။ ဇနီးမောင်နှံတို့၊ အနုရာဓမြို့သို့၊ ဆိုက်ရောက်ကြပြီးနောက်၊ မဟာသေနမင်း၊ နတ်ရွာစံလွန်နှင့်သဖြင့်၊ သားတော်-ကိတ္တိသိရိမေဃမင်းထံ၊ စွယ်တော်ကို အပ်နှင်းကြလေသတည်း။ (ဒါထာ-ဒါဠိမှ)

၁၂။ ကိတ္တိသိရိမေဃမင်းသည်(ပဌမ)စွယ်တော် စစ်မစစ် သံသယရှိနေသဖြင့်၊ အမျိုးမျိုးစမ်းသပ်၍၊ ကြေနပ်တော်မူမှ၊ ကိုးကွယ်ပူဇော်တော်မူလေသည်။

(ဒါထာ-ဒါဠိမှ)

www.dhammaransi.com



၁၃။ အနုရာဓမြို့၊ ကိတ္တိသီရိမေဃမင်း(၈၄၆-မှ ၈၇၄-အထိ) မှ၊ နန်းစံသောဘုရင်-ဓမ္မပါလ (၂၀၆၄-မှ ၂၁၂၀-အထိ) မင်းတိုင်အောင်၊ မင်းဆက်ပေါင်း-၁၀၀ ကျော်တိုင်တိုင်၊ အဆိုပါ လက်ဝဲအောက်ခါတ်၊ စွယ်တော် မြတ်ကို၊ ဆည်းကပ်-ကိုးကွယ်၍၊ လာခဲ့ကြဟုန်၏။

“ ဒါဌာ-ဒါဠိနှင့်၊မဟာဝင်-ဒီပဝင်-အဋ္ဌကထာမှ ”

**အထူးသဖြင့်။** သီဟိုဠ်ကျွန်း-ဓမ္မပါလမင်းနှင့်၊ ဟံသာဝတီ (ဘုရင့်နောင်) မင်းတရားကြီး၏၊ နန်းဆက် များမှာလည်း စပ်မိလျက်ရှိသည်။

ဟံသာဝတီဆင်ဖြူများရှင်-၉၁၂-မှ၊ ၉၄၃ အထိ။
သီဟိုဠ်ကျွန်း ဓမ္မပါလမင်း-၉၁၂-မှ၊ ၉၃၈ အထိ။

**ရည်ရွယ်ချက်။** သီဟိုဠ်ကျွန်း-ဓမ္မပါလမင်းသည်။ သီဟိုဠ် ကျွန်း၌၊ ဗုဒ္ဓဘာသာဝင် မဟုတ်သော၊ အခြားသော၊ ကွတ်တည်မင်း၊ ခန္တီမင်း၊ သီတာဝက်မင်း တို့ကို၊ နှိမ်နင်းအုပ်ချုပ်နိုင်ရန် ရည်ရွယ်၍။

**သပိတ်တော်ရောက်ပုံ။** သိန်းခိုရှိ မြန်မာဘုန်းတော်ကြီးတပါး နှင့်၊ သိန်းခို(သီဟိုဠ်)အမတ်ကြီးများ အား။ ဘုရားရှင်၏၊ * သပိတ်တော်ကိုရင်း။ သဝဏ်လွှာ နှင့်၊လက်ဆောင်တော်များကိုရင်း၊အပ်နှင်းကာ။မြန်မာနိုင်ငံ ဟံသာဝတီနေပြည်တော် ဆင်ဖြူများရှင် (ဘုရင့်နောင်) မင်းတရားကြီးထံ။ ၉၃၇-ခု သီတင်းကျွတ်လအတွင်း၊ သင်းဘောနှစ်စင်းနှင့်၊ စေလွှတ်တော်မူလိုက်လေ၏။

(ဟံသာဝတီအရေးတော်ပုံမှ)

www.dhammaransi.com



သဝဏ်လွှာ၌၊ သိန်းခိုကျွန်းတွင်၊ သာသနာမတည်ဘဲ၊ မိစ္ဆာဒိဋ္ဌိ လွှမ်းမိုးနေပါပြီ။ သပိတ်တော်ကို ပို့လိုက်ပါသည်။ စစ်ကူမစပါမည့်အကြောင်း၊ စွယ်တော်မြတ်ကိုလည်း၊ ပို့ဦးမည်ဖြစ်ကြောင်းများပါ၏။

**စစ်ကူလွှတ်ခြင်း။** ဟံသာဝတီမင်းတရားကြီးသည်၊ သင်္ဘောငါးစင်းတွင်။ အမတ်(သံတော်)လေးဦးတို့ကို အုပ်ချုပ်စေ၍။ ပြည်ထောင်ရသား, စစ်သည်တော်-၁၅၀၀ တထောင့်ငါးရာတို့ကို စေလွှတ်တော်မူလေ၏။

**စွယ်တော်ပွါးရောက်ပုံ။** သိန်းခိုသို့ ရောက်လျှင်၊ ကွတ်တည်မင်း,စသည်တို့ကလည်း၊ ကြောက်ရွံ့ကြလေ၏၊ ဓမ္မပါလမင်းသည်အားရလှသဖြင့်၊ စွယ်တော်ပွါးတဆူကို၊ ရွှေပြာသာဒ်၌တင်ကာ၊ သိန်းခိုမှူးမတ်တို့အား အပ်၍၊ သင်္ဘောတစင်းနှင့်၊ ဟံသာဝတီမင်းတရားကြီးထံ စေလွှတ်တော်မူပြန်လေ၏။ (ဟံသာဝတီအရေးတော်ပုံမှ)

ဟံသာဝတီမင်းတရားကြီးလည်း၊ မှူးမတ်တို့အား၊ ခမ်းနားစွာ ကြိုဆိုတော်မူစေပြီးလျှင်၊ ရွှေမြို့တော်အနီးသို့ အရောက် ကိုယ်တော်တိုင်ကြို၍၊ ပင့်ဆောင်တော်မူ၏။

ဟံသာဝတီသို့၊ စွယ်တော်ပွါး ဆိုက်ရောက်ပြီးနောက်၊ ဓမ္မပါလမင်းသည်၊ သိန်းခိုကျွန်း၌ ကျန်သော မင်းတို့အား၊ စစ်ပြုရန် စီစဉ်ရာ၊ ကျန်သော မင်းတို့က၊ ဟံသာဝတီ မင်းတရားကြီး၏ သံတော်များ ထံသို့ရင်း။ ဓမ္မပါလမင်းထံသို့ရင်း။ ညီညွတ်ပါတော့မည်ဟု၊ သံစေကြကုန်၏။

www.dhammaransi.com



**စွယ်တော်စစ်ရောက်ပုံ။** ဓမ္မပါလမင်းကလည်း၊ မြန်မာနိုင်ငံ၊ ဟံသာဝတီ ဘုရင်အား၊ ကျေးဇူး တင်လှသောကြောင့်၊ ဟံသာဝတီသို့၊ သင်းဘောသုံးစင်း နှင့်၊ စွယ်တော်စစ်ကို၊ ပို့တော်မူလိုက်လေ၏။ ပုသိမ်ဆိပ် သို့၊ ဆွတ်သည့်သမှာပင်၊ ဆိုက်ရောက်ပြီးနောက်။ မင်း တရားကြီး ကိုယ်တော်တိုင်၊ ခမ်းနားစွာ ကြိုဆိုပင့်ဆောင် တော်မူလေ၏။

နန်းတော်ဦး၌၊ ပြာသာဒ်ကြီးဆောက်ကာ၊ ရတနာ ၇-ပါးတို့ဖြင့်ပြီးသော၊ ရွှေစေတီ၌ထား၍၊ ကိုးကွယ်တော် မူ၏။ (ဟံသာဝတီအရေးတော်ပုံမှ)

**စွယ်တော်စစ်ရောက်မှု။** ဟံ့သာဝတီ၊ ဆင်ဖြူများရှင်, **၉၁၇။** မင်းတရားကြီး လက်ထက်၊ သက္ကရာဇ် ၉၁၇-ခု၊ တန်ဆောင်မုန်း လတွင်၊ သိန်းခို (သီဟိုဠ်)ကျွန်းကို အစိုးရသောဓမ္မပါလမင်းက၊ သာသနာ တော်ကို၊ ပြုစုတော်မူပါကုန်ဟူ၍၊ လက်ဆောင်လက်နက် များနှင့်ရောကွ၊ * စွယ်တော်မြတ်ကို ပူဇော်စရာ၊ ရွှေသပိတ် ငွေသပိတ်၊ ရွှေဟင်းခွက်၊ ငွေဟင်းခွက်၊ ရွှေတန်းဆောင် ငွေတန်းဆောင်၊ ရွှေပန်း၊ ငွေပန်း၊ ရွှေထီး၊ ငွေထီး၊ ပတ္တမြားပေါက်ပေါက် စသော၊ များစွာသော၊ လှူဘွယ် လှူဖွယ်ခင်းတို့ကို၊ သင်းဘောတွင်တင်၍၊ အမတ်ရာဇမနုကို၊ ပို့ရ လေသည်။ စွယ်တော်မြတ်ကိုလည်း၊ ဆွမ်းဝတ်၊ ဟင်းစတ် ဆီမီးဝတ်၊ နေ့တိုင်းမပြတ် တင်စေခြင်းငှါ၊ ငွေတရာဘိုး သိန်းခိုမင်းမှာ၊ (မြေဝယ်၍) လှူရလေသည်။

(မှန်နန်းရာဇဝင်မှ)

www.dhammaransi.com



**သပိတ်တော်ရောက်ပုံ။ ၉၃၀။** ဟံသာဝတီမှာလည်း၊ ၉၃၀-ခု၊ ဝါဆိုလတွင်၊ သိန်းခို (သီဟိုဠ်)မင်းက၊ စတုမဟာရာဇ်-နတ်မင်းကြီးလေးပါး၊ လှူသော၊ အနားရစ် လေးရစ်ရှိသော၊ ကျောက်သပိတ်တော်ကို၊ ဆရာတော်ဘုန်းကြီးနှင့်တကွ၊ အမှူးအမတ်တို့၊ သင်းဘောတွင် တင်၍၊ ဆက်လာသည်။ ရိုသေခယမ်း စွာသော၊ စကားဖြင့်၊ ချင်စွာလျှောက်လိုက်သော၊ ရာဇသံစာလည်း ပါသည်။ သပိတ်တော် တင်သော သင်းဘော၊ ရောက်ကြောင်းကို၊ ပုသိမ်က လျှောက်၍ ကြားတော်မူလျှင်၊ သင်းဘောဆိပ်သို့၊ ရွှေလှော်ကားတွင်၊ ဝေါပြာသာဒ်တင်၍ လှေရုံလှော်ကား ကြော့လှေအစင်း သုံးရာကျော်တို့ကို၊ ပတ်၊ စည်၊ စောင်းညှင်း၊ နှဲ၊ ခရာ၊ တံပိုး၊ မြစ်လုံးပဲ့ တင်ထပ်မျှ တီးမှုတ်စေ၍၊ မင်းညီ-မင်းသား၊ မှူးတော်-မတ်တော် အပေါင်းတို့ကို ဆောင်ယူရသည်။ ဟံသာဝတီသို့ ဆောင်ယူ၍ ရောက်လျှင်၊ သပိတ်တော်ကို ရွှေချိုင့်အဖုံးနှင့်တကွ လုပ်တော်မူ၍၊ နဝရတ်ကိုးပါးချယ်လှယ်စီမံ၍၊ နန်းတော်တွင်၊ ကိုးကွယ်တော်မူသည်။ (မှန်နန်းရာဇဝင်မှ)

(၁) သမုဒ္ဒရာအခြားဟိသော၊ သိဟ်ိုဠ်ကျွန်းမှ၊ ဘုရားသျှင်၊ သပိတ်တော် စွယ်တော်တို့၊ ပို့ရောက်လှာ ရသော၊ ဘုန်းဟိထသော။ (ကျောက်စာမူရင်းမှ)

(၂) ဟံသာဝတီသို့ရောက်ဟန်၊ ဟံသာဝတီမှ၊ ကေတုမတီသို့ ရောက်ဟန်၊ ကေတုမတီမှ၊ ရွှေမြို့တော်သို့ ရောက်ဟန်။ (ကျောက်စာမူရင်းမှ)

www.dhammaransi.com



**(၃) ရှင်၊ လင်း၊ ချက်၊** ဟံသာဝတီအရေးတော်ပုံ၌၊ ၉၃၇-ခု၊ သီတင်းကျွတ်လအတွင်း သပိတ်တော် ပို့လွှတ်သောအကြိမ်၊ ၎င်းနောက် စွယ်တော်စစ် ပို့လွှတ်သော အကြိမ်ဟု သုံးခါခွဲ၍ဆိုလေသည်။

(၄) မှန်နန်းရာဇဝင်၌၊ သက္ကရာဇ်-၉၁၇-ခု။ တန်ဆောင်မုန်း လဆွင်၊ စွယ်တော်မြတ်နှင့်၊ ပူဇော်စရာများ၊ ၉၃၀-ခု၊ ဝါဆိုလတွင်၊ သပိတ်တော် ပို့လွှတ်သည်ဟု၊ ဆိုလေသည်။

(၅) စွယ်တော်စစ်နှင့် သပိတ်တော် ရောက်ရှိသည့် အရာများမှာကူ၍။ စွယ်တော်ပွါး အပိုတဆူနှင့် ခုနှစ်မှာ၊ ကွဲလွဲလျက်ရှိလေသည်။

(၆) ဟံသာဝတီ အရေးတော်ပုံ၌။ ၉၃၇-ခုတွင်၊ စွယ်တော်ပွါး-စွယ်တော်စစ်၊ ပို့ရောက်သည်ဟု ဆိုသော်လည်း၊ မှန်နန်းရာဇဝင်ကဲ့သို့၊ ၉၁၇-ခုနှစ်သာ၊ ပို့လွှတ်သည် ဖြစ်ပါက။

(၇) ဘဝရှင်မင်းတရားကြီး၊ ဟံသာဝတီ-နေပြည်တော်မှာ၊ တည်တော်မူသော၊ မဟာစေတီ၌ သက္ကရာဇ် ၉၂၁-ခု၊ နတ်တော်လဆုတ် (၂)ရက်၊ ၄-ဟူးနေ့၊ ဌာပနာရာတွင်။ စွယ်တော်ပွါး တဆူကိုလည်း၊ ပတ္တမြားစေတီတွင် ထည့်၍၊ ဌာပနာတော်မူသည်ဟု' မှန်နန်းရာဇဝင်မှာ ဆိုလျက်ရှိသောကြောင့်။

(၈) ဤရာဇမဏိစူဠာ-ကောင်းမှုတော် စေတီတော်ကြီးမှာ၊ စွယ်တော်မြတ်အစစ် ရှိရမည်သာ ဖြစ်ပြန်ရလေသည်။

www.dhammaransi.com



**မှတ်ချက်။** ဤသို့လျှင်၊ ဒါဌာဓါတုဝင်-အဋ္ဌကထာ ဋီကာ၊ မဟာဝင်၊ ဒီပဝင်အဋ္ဌကထာ၊ ကျောက်စာမူရင်း၊ ပေစာသမိုင်းမူရင်း။ဟံသာဝတီအရေးတော်ပုံ။ ပေါတူဂီရာဇဝင်စသော၊ ကျမ်းအစောင်စောင်တို့၌ အဓိကလိုရင်းဖြစ်သော။ စွယ်တော်မြတ်အစစ်၊ ရောက်တော် မူပုံမှာ။ တညီတညွတ်တည်း တူသည့်သာဖြစ်၍။

ရာဇမဏိစူဠာ—ကောင်းမှုတော် စေတီတော်ကြီး၌။ စွယ်တော်မြတ်, အစစ်အမှန် ရှိသည့်ကို။ သံသယရှိဘွယ် မလို။ မုချရှိမည်သာ ဖြစ်လေသည်ဟု၊ ရဲစန့်စွာ၊ ဒါဌာ ဓါတုဝင်၊ စွယ်တော်စစ် မှတ်တမ်းကို၊ စီစဉ် ရေးသား ရခြင်းဖြစ်ပေသည်။

---

# ကောင်းမှုတော်နှင့် စွယ်တော်စစ်။

**ဆင်ဖြူများရှင်။** သက္ကရာဇ် ၉၁၁,—ခုတွင်၊ ကေတုမတီ၊ တောင်ငူမြို့ဝယ်၊ မင်းအဖြစ်ကို ယူတော်မူပြီးနောက်။ ပဲခူးဟံသာဝတီမှာ၊ စိုးစံတော်မူသော၊ ဟံသာဝတီ—ဆင်ဖြူများရှင် မင်းတရားကြီးလက်ထက် သီဟိုဠ်ကျွန်း-ဓမ္မပါလမင်းက၊ ဆက်သသော! ဘုရားရှင်၏ စွယ်တော်မြတ်နှင့် သပိတ်တော်ကို၊ နန်းစဉ်ကိုးကွယ်ခဲ့ရာ။ ဆင်ဖြူများရှင်-မင်းတရားကြီး၊ နတ်ရွာစံသည့်နောက်။

**ငါးဆူဒါယကာ။** သားတော် ငါးဆူဒါယကာ (နန္ဒဘုရင်) လက်ထက်၊ နိုင်ငံတော်အစိပ်စိပ် ပျက်ပြားရာတွင်။

www.dhammaransi.com



**ညောင်ရမ်းမင်း။** ဆင်ဖြူများရှင် မင်းတရားကြီး သားတော် အငယ်၊ ညောင်ရမ်း မင်းသားသည်။ ညောင်ရမ်းမြို့မှခွဲခဲ့၍၊ လေးနှစ်တိုင်တိုင် လူနှင့်ကင်းသဖြင့် ယိုယွင်းပျက်စီးလျက်ရှိသော၊ ရတနာပူရ အင်းဝမြို့တော်ကြီးကို၊ သက္ကရာဇ် ၉၅၉-ခုတွင်၊ ဒုတိယအကြိမ်မြောက်၊ အသစ်တည်ထောင်စံတော်မူ၍၊ စည်းစိမ်ရှစ်နှစ်၊ ၉၆၇-ခုတွင်၊ လွန်တော်မူရာ။

**အနောက်ဘက်လွန်မင်း။** သားတော်ကြီး အနောက်ဘက်လွန် အရိပ်အရာတော်ကို၊ ဆက်ခံတော်မူ၍၊ ရွှေနန်းစည်းစိမ်၊ ၂၃-နှစ်၊ သက္ကရာဇ်၉၉၀-ခုတွင်၊ ဟံသာဝတီချောင်းသစ်အနောက်ဘက်၌၊ လွန်တော်မူပြန်သည်။

**သာလွန်မင်း။** ထိုအခါ၊ ညီတော်—သာလွန်မင်းတရားကြီးသည်၊ နောင်တော်၏အရိပ်အရာကို၊ ဆက်ခံတော်မူလျက်။ ၉၉၀-ခုနှစ်၊မင်းဖြစ်ပြီးနောက်၊ခမည်းတော် လက်ထက်မှ၊ အစဉ်မပျက် ဆက်လက် ကိုးကွယ်တော်မူခဲ့သော၊ လက်ဝဲအောက်ဓါတ်စွယ်တော်မြတ်ကို။ ၉၉၈-ခုနှစ် တော်သလင်းလဆန်း(၁၀)ရက်၊ တနင်းလာနေ့၊ စေတီတော်၏ အလယ်၌၊ ရွှေပနက်တိုင်စိုက်၍၊ * ရာဇမဏိစူဠာ ဘွဲ့တော်ရှိသော၊ ကောင်းမှုတော် စေတီတော်ကြီးကို၊ စ,တည်တော်မူရာ။ ၉၉၈-ခု၊ နတ်တော် လပြည့်ကျော် (၁)ရက်၊ သောကြာနေ့၌၊ ဘုရားရှင်၏၊ စွယ်တော်မြတ်နှင့်တကွ၊ မရေမတွက်နိုင်သော၊ သပိတ်တော်-ဓါတ်တော်မွေတော်၊ အစရှိသည်တို့ကို။ ကျမ်းဂန်နှင့်အညီ အစီအစဉ်သင့်စွာ၊ ဌာပနာတော်မူ၍။ ဆယ့်နှစ်နှစ်တိုင်တိုင်၊ တည်တော်မူလျက်၊ ပြီးတော်မူလျှင်။

www.dhammaransi.com



**အခါတောင်းခြင်း။** သက္ကရာဇ်-၁၀၁၀-ခုနှစ်တွင်၊ထီးတော် တင်ရန်၊ အခါတောင်းသောအခါ။

တောင်ငူမှ ပြောင်းလာသော၊ ဗေဒင်တတ်-လောကဂုတ္တရာ ဆရာတော်က၊ ထီးတင်ရန်အခါကို၊ သားတော်လက်ထက် မှ၊ ပေးမည်လာခဲ့သည်ဟု ဆိုလျှင်၊ ၎င်းဆရာတော်ကို။ ပုဂံသို့ နှင်ပို့လိုက်လေ၏။

၎င်းနောက် ပုဏ္ဏားရာဇဂုရုထံမှာ တောင်းပြန်ရာ၊ အရှင်မင်းကြီး ထီးတော်မမှီချေပြီ။ နက်ဖြန် ၁-ချက်တီး ကျော်တွင်၊ ( နံနက် ၉-နာရီကျော်တွင် ) နတ်ရွာစံပါ လိမ့်မည်ဟု၊ လျှောက်၏။ အမျက်တော်ရှိ၍၊ မှန်လျှင် မှန်စေ။ မမှန်သော်၊ သား-မယားနှင့်တကွ၊ မီးတိုက်မည် ဟု၊ နာရီခွက်နှင့်ထား၏။

**နတ်ရွာစံခြင်း။** ၎င်းနေ့၊ ညနေသုံးချက်တီးအချိန်၌၊ ငါဘာမျှ မဖြစ်သေးဟုမိန့်၏။ပုဏ္ဏားကလည်း၊ အချိန် မရောက်သေးပါဟု လျှောက်၏။

၎င်းည ၆-နာရီခန့်တွင်၊ အဖျားရောဂါ ရောက်လာ လေ၏။ မသက်သာဘဲ၊ နောက်နေ့ နံနက် ၉ နာရီကျော် တွင်၊ ဟောထားသည့်အတိုင်း၊ နတ်ရွာစံလေ၏။

**ငါးထပ်ဒါယကာ ထီးတော်တင်ခြင်း။** ၎င်းနောက်၊ သားတော်, ငါးထပ် ဒါယကာ၊ (မင်းရဲနန္ဒမိတ်) ပင်းတလဲ မင်း။ သက္ကရာဇ် ၁၀၁၁-ခု၊ကဆုန် လဆန်း(၈)ရက်၊ တနင်္ဂနွေနေ့တွင်၊ ကနက္ကဒဏ်၊ ရတနာ ရွှေထီးကို၊ တင်လှူတော်မူလေသည်။

www.dhammaransi.com



# သမိုင်းအကျဉ်းချုပ်။

## မှတ်သားရန်။

---

တည်သောခေတ်- ဒုတိယ အင်းဝခေတ်။

တည်သောမင်း- သာလွန်မင်းတရားကြီး (ဘွဲ့တော်) သီရိသုဓမ္မရာဇာမဟာဓိပတိ။

ရွှေပန္နက်တိုင် စိုက်သည့်နေ့— ၉၉၇-ခု၊ တော်သလင်းလဆန်း (၁၀)ရက်၊ တနင်္လာနေ့။

တည်သောကာလအကြာ— ၁၂-နှစ်တိုင်တိုင်။

ဌာပနာသည့်နေ့- ၉၉၇-ခု၊ နတ်တော်ဆုတ် (၃)ရက်၊ သောကြာနေ့။

ဌာပနာသည့်အရာများ— စွယ်တော်, ဆံတော်, သပိတ်တော်, များနှင့်တကွ၊ မရေမတွက်နိုင်သည့် ဓါတ်တော်, မွေတော်, စေတီတော်, ဆင်းတုတော်များ။

စေတီတော်၏ပုံ— သီဟိုဠ်ကျွန်း-ထူပါရုံ စေတီတော်ပုံ။

စေတီတော်၏ဘွဲ့တော်ရင်း—ရာဇမဏိစူဠာစေတီတော်။

အများအခေါ်အဝေါ်- ကောင်းမှုတော်။

စေတီတော်၏ပဏာမ-ဉာဏ်တော်အမြင့်- ၁၀၁-တောင်၊ အခြင်း ၁၆၂—တောင်၊ ၁-မိုက်။ အဝန်းလုံးပတ် ၅၀၂—တောင်၊ ၂-မိုက်၊ ၄—သစ်။

www.dhammaransi.com



| | |
|---|---|
| ထိုးတော်တင်သော နေ့- | သာသနာသက္ကရာဇ်-၂၁၈၁-ခုနှစ်၊ သက္ကရာဇ် ၁၁၁၁-ခု၊ ကဆုန်လွှန်း (၈)ရက်၊ တနင်္ဂနွေနေ့။ |
| ထီးတင်သည့်မင်း- | သာလွန်မင်းတရား၏, သားတော် ငါးထပ်ဒါယကာ (ပင်းတလဲမင်း)။ |
| ထီးတော်ပမာဏ- | ထီးတော်အဝ ၉-တောင်၊ ၂-မိုက်၊ အစောက် ၁၀-တောင်၊ ၁-မိုက်၊ ၄-သစ်။ |

ထီးတော်အလေးချိန်–၃၄၄၀ ပိဿာ။

| | |
|---|---|
| အရုံအဆောက်အဦး များ– | တံတိုင်း သုံးထပ်နှင့် ကျောင်း, တန်ဆောင်းဇရပ်, ရေတွင်း,ရေကန် ဥယျာဉ်များ။ |

www.dhammaransi.com

# နိဂုံး။

ယင်းသို့ ခိုင်လုံထင်ရှားသော၊ ထောက်ထား ကိုးကား ချက်၊ အပြည့်အစုံဖြင့်၊ တန်းဆာဆင်ယင်၊ ရဆောင်း စီစဉ်ကာ၊ ရေးသားအပ်သော၊ လက်စွဲအောက်မေ့ဖွယ်, စွယ်တော်မြတ် မှတ်တမ်းကို၊ ယုံကြည်စွာ ကြည့်ရှုကြရ ပါသော၊ ရဟန်း-ရှင်-လူ၊ ကမ္ဘာ့သူ-ကမ္ဘာ့သား၊ သပ္ပုရိသ အများတို့သည်၊ သဒ္ဒါတရား တိုးပွါး ရွှင်ကြည်၊ ဥာဏ် ရောင်ခြည် ကွန့်မြူး၊ ပြည်နိဗ္ဗူ ရည်ရွယ်လျက် ထူးမြတ် သော စွယ်တော်စစ်၊ ကိန်းဝပ်စံရာ ရာဇာဓိကရုဏ်ဌာ၊ "ကောင်းမှုတော်-စေတီတော်မြတ်ကြီး" ကို၊ ဆည်းကပ် ကိုးကွယ်နိုင်ရန်၊ ရည်သန်သော အားဖြင့် မှတ်တမ်း စကား၊ နိဂုံးချုပ်အနေအားဖြင့်၊ ရေးသား စီစဉ်လိုက်ရ ပေသတည်း။ ။

အမိန့်အရ၊

**အရှင်ဇာနာဒီပ၊**

ဩမိမြို့တောရဆရာတော်။

အတုလဝတီ–စာပုံနှိပ်တိုက်

ဈေးလမ်း–စစ်ကိုင်းမြို့။